မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၁၄ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၈၅)

ရွှေတိဂုံစေတီတော် ဘက်စုံမွမ်းမံပြင်ဆင်ထားမှုများ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကြည့်ရှုစစ်ဆေး

ရေရှည်သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်ရန် စီမံဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော်ဘက်စုံမွမ်းမံပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုးထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေတိဂုံစေတီတော် ဘက်စုံမွမ်းမံပြင်ဆင်ခြင်း မှတ်တမ်းဓာတ်ပုံများ၊ လေမုန်တိုင်းကြောင့် လွင့်စဉ်ကျလာသော ရတနာပစ္စည်းများ၊ ရွှေပြားများ သိမ်းဆည်းထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေတိဂုံစေတီတော်အထက်ပစ္စယာ၌ ဘက်စုံမွမ်းမံပြုပြင်ထားမှုများကိုလှည့်လည်စစ်ဆေးကြည်ညိုစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့် ကြက်လျှာရွာမကျေးရွာတွင် လူနေအိမ်အလုံး ၁၅၀ ဆောက်လုပ်မည်

ရန်ကုန် ဇူလိုင် ၁၅

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကြက်လျှာရွာမကျေးရွာတွင် လူနေအိမ်များ ဆောက်လုပ်ရန် အတွက် မော်လမြိုင်ကျွန်းမြို့နယ်မှ ရေယာဉ်များဖြင့် သစ်များကို အဆက်မပြတ် ပေးပို့လျက်ရှိရာ ဇူလိုင် ၁၄ ရက်အထိ သစ်တန် ၁၀၀ ပေးပို့ထားပြီး ဖြစ်သည်။ အဆိုပါကြက်လျှာရွာမကျေးရွာတွင် လူနေအိမ် ၁၅၀ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇူလိုင် ၁၆ ရက်)

ထူးချွန်အားကစားသမားကောင်းများ ပေါ်ထွန်းရေး အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် ပါဝင်ယှဉ်ပြိုင်

နိုင်ငံတော်က အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်ရာတွင် တစ်မျိုးသားလုံး စိတ်ပါဝင်စားကြသည့် ဘောလုံးအားကစားနည်းသည်လည်း အပါအဝင်ဖြစ်သည်။

မြန်မာ့ဘောလုံးအားကစား အဆင့်အတန်းမြင့်မားရေးအတွက် လူရွေးချယ်ရေး၊ လေ့ကျင့်ရေးနှင့် အောင်နိုင်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အားကစားအောင်နိုင်ခြင်းသည် နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးရာရောက်ပေသည်။

မြန်မာတို့သည် ပင်ကိုအားဖြင့် အားကစားစိတ်ဓာတ်ထက်သန်ပြီး စွမ်းဆောင်မှု အစဉ်အလာရှိခဲ့ကြသည်။ မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်လာစေရန် အမျိုးသားအားကစားလှုပ်ရှားမှုကို အားပေးမြှင့်တင်ပေးလျက်ရှိသည်။ အားကစားကဏ္ဍမြှင့်တင်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ အားကစားအဖွဲ့ချုပ်များ၊ စေတနာရှင်၊ အလှူရှင်များနှင့် အားကစားဝါသနာရှင် ပရိသတ်များ၏ တက်ကြွထက်သန်လှသည့် အားပေးချီးမြှောက်မှုများမှာ အားရဂုဏ်ယူဖွယ်ဖြစ်သည်။

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၁ရက်နေ့က နေပြည်တော် အားကစားကွင်း၌ စတင်ကျင်းပခဲ့ရာ ပြိုင်ပွဲကို အမျိုးသားကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး၊ ဝန်ထမ်းများ စည်းလုံးညီညွတ်မှုရှိရေး၊ နိုင်ငံ့တာဝန်များကို တက်ကြွရှင်လန်းစွာ ပိုမိုထမ်းဆောင်နိုင်စေရေးဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပပေးနေခြင်းဖြစ်သည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲများကို ဤကဲ့သို့ ရည်ရွယ်ချက်ရှိရှိ ကျင်းပပေးခဲ့ရာ အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်အဝထားရှိကာ စွမ်းရည်ဖော်ထုတ်ယှဉ်ပြိုင်ခြင်းဖြင့် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ပေါ်ထွန်းလာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်း အမှတ် ၃၃၇နေ ဦးတင်အောင်-ဒေါ်ညိုမိသားစု (သဇင်မင်းစားတော်ဆက်)က အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးမောင်မောင်အေး၊ ဦးထွန်းနှင့် ဦးသိန်းထွန်းတို့က လက်ခံယူကြသည်။(အောက်ပုံ) (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၆-၇-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၅း၂၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၃၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၄၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၄။ ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း -၁၂)
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၄၄)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူရဲကောင်း** (အပိုင်း -၉)

ဓမ္မကထိကပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီ ဝါတွင်းဥပုသ် တရားပွဲများကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

မြောက်ဥက္ကလာပမြို့နယ် (မယ်လမုဘုရားအနီး) ဓမ္မသိင်္ဂီပျော်ဘွယ်ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသိင်္ဂီပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာနှင့် ပျော်ဘွယ်မြို့နယ် ဇီးတောကျောင်းတိုက်တို့၏ ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာနာစရိယ ပြည်တွင်းပြည်ပသာသနာပြု ဓမ္မကထိကပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီသည် ၂၀၀၈ခုနှစ်၏ ဝါတွင်းဥပုသ်ရက်များဖြစ်သော ဇူလိုင် ၁၇ရက်နှင့် ၂၅ ရက်များတွင်လည်းကောင်း၊ ဩဂုတ်၁ရက်၊ ၉ရက်၊ ၁၆ရက်၊ ၂၄ရက်နှင့် ၃၀ရက်များတွင်လည်းကောင်း၊ စက်တင်ဘာ ၇ရက်၊ ၁၄ရက်၊ ၂၂ရက်နှင့် ၂၉ရက်များတွင်လည်းကောင်း၊ အောက်တိုဘာ ၇ရက်၊ ၁၄ရက်များတွင်လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသိင်္ဂီပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ဘုရားကျောင်းဆောင်တို့တွင် နံနက်ပိုင်း၊ မွန်းလွဲပိုင်းခွဲ၍ ဥပုသ်တရားဒေသနာများ ဟောကြားမည်ဖြစ်သည်။

အချိန်ပိုဥပုသ်တရား

မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက် သုမိတ္တာ ၅လမ်းထိပ် သံဃဒါနဆွမ်းလောင်းဓမ္မာရုံတွင် ဩဂုတ် ၁ရက်နှင့် ၂၄ ရက်၊ စက်တင်ဘာ ၁၄ရက်နှင့် အောက်တိုဘာ ၇ရက်တို့တွင် အချိန်ပိုဥပုသ်တရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းနှင့် မင်္ဂလာလမ်းထိပ်ရှိ ရွှေတောင်တိုက်သစ် ဒေါ်နန်းမှုံ တိုက်ဇရပ်(ဗဟိုလမ်းမကြီး)တွင် ဇူလိုင် ၁၇ရက် (ဝါဆိုလပြည့်နေ့) နံနက်မှ ဇူလိုင်၂၃ရက်ညအထိ လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာရှုနည်းဖြင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း (ဒလ-ပျော်ဘွယ်ကြီး)နှင့် တပည့်များက ဟောပြောညွှန်ပြ ပို့ချကြမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဦးလှသန်းအား ရည်စူး၍ အမှတ် (၁၁၉) ၄၁ လမ်း ပထမထပ် ဗိုလ်တထောင် မြို့နယ်နေ ဇနီး ဒေါ်စန်းအေး၊ သမီး မတင်မာရီသန်း၊ သား တင်မောင်သန်း၊ သမီး ဆွေဆွေသန်း၊ ဇင်မာသန်း၊ သား မျိုးသူရ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ငွေကျပ် ၆၅၀၀၀၀ တန်ဖိုးရှိ ဆေးများ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဘညာဏ် လက်ခံယူစဉ်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၇-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	ဓမ္မစကြာ၊ စကြာရတနာတရားတော် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)
၇း၅၅-၁း၅၅	Industrial Talk [ဦးမြင့်ဆွေ၊ ဦးခင်မောင်ဝင်း၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၂၀-၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅-၂း၄၅	တိမ်တောင်ရစ်ဝေဆိုင်း၊ ကြည်နူးပီတိလှိုင်း၊ လှူမြဲဝါဆိုတိုင်း
၉း၀၅-၃း၀၅	တေးဂီတအစီအစဉ်
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	သာသနာပျိုးခင်း
၉း၃၅-၃း၃၅	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (ဒုစရိုက်တရားမြဲရှောင်ရှား)
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	နယဉ်ဆန်းထွင် သစ်သီးအလှဆင်
၁၀း၀၅-၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀-၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅-၄း၁၅	လူသားအားလုံးကျန်းမာရေး စဉ်ဆက်မပြတ်သွေးလှူပေး
၁၀း၃၀-၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅-၄း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅-၄း၄၅	Midweek Sports News
၁၁း၀၀-၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅-၅း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀-၅း၁၀	ဆရာကြီးဦးသန်း၏ မြတ်သောမွေးနေ့မင်္ဂလာ
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	Hotel Guide (Park Royal Hotel)
၁၂း၀၀-၆း၀၀	တေးဂီတအစီအစဉ်
၁၂း၁၀-၆း၁၀	ကြည်နူးကုသိုလ်ပြုကြမယ် သာသနာ့ပုဂံမြေဝယ်
၁၂း၂၀-၆း၂၀	Myanmar Video Rhythm
၁၂း၄၅-၆း၄၅	သွေးပြန်ကြော အားနည်းရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၂) (ပါမောက္ခ ဒေါက်တာခင်မောင်အေး)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) သင်ကြား/စီမံဆရာတော်များနှင့် စာသင်သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပသည့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)၏ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) သင်ကြား/စီမံ ဆရာတော်များနှင့် စာသင်သံဃာတော်များအား အဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး(အပေါ်ပုံ) **ခေတ္တပါမောက္ခချုပ်ဆရာတော်အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။**

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ခေတ္တပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခေတ္တပါမောက္ခချုပ်ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက သင်ကြား/စီမံဆရာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် ခေတ္တပါမောက္ခချုပ် ဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သင်ကြား/စီမံဆရာတော်များနှင့် စာသင်သံဃာ ၃၂၇ ပါးတို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ခေတ္တပါမောက္ခချုပ်ဆရာတော်နှင့်သင်ကြား/စီမံဆရာတော်များ၊ စာသင်သံဃာများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း) မိသားစုက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သင်ကြား/စီမံ ဆရာတော်များနှင့် စာသင်သံဃာတော်များအား အဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၌ အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်မှုအတွက် လှူဒါန်းမှုအစုစုမှာ ငွေကျပ် ၈၄၄၄၁၀၀ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် စတုဒိသာကျွေးမွေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း အမှတ် ၁၁၆-၁၁၈နေ ဦးလင်းကြည်-ဒေါ်ဥမ္မာသွင်၊ သမီး ယွန်းသီရိလင်း၊ သား လင်းပြည့်အောင်(Twin Star Co.,Ltd. Robin စက်နှင့်စက်ပစ္စည်း ရောင်းဝယ်ရေး) မိသားစုက (၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၂ ရက်) ဇူလိုင် ၁၉ ရက်(စနေနေ့)တွင် ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာအုပ်စု သိမ်ကုန်းကျောင်းတိုက်၌ ပုရိမဝါဆို၊ ဝါကပ်တော်မူကြမည့် သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး နံနက် ၁၁ နာရီတွင် ကျောင်းတိုက်အတွင်းရှိ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ရေစက်သွန်းချအမျှဝေ

ကြွရောက်လာသော ဧည့်ပရိသတ်များအား စတုဒိသာကျွေးမွေးလှူဒါန်းပြီး မွန်းတည့် ၁၂ နာရီတွင် သိမ်ကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမာရ [သိရီပဝရဓမ္မာစရိယ(မဟာဝိဇ္ဇာ- ကိုလံဘို)]ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)၏ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) သင်ကြား/စီမံ ဆရာတော်များနှင့် စာသင်သံဃာတော်များအား အဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းကပ်လှူ

နေပြည်တော် ဇူလိုင် ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်တို့အား အမှူးထား၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မိသားစုတို့၏ တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ယမန်နေ့ နံနက် ၅ နာရီခွဲက နေပြည်တော်ရှိ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မင်္ဂလာခန်းမ၌ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အစီအစဉ်အရ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် အဘိဓမ္မာနည်းပြဆရာတော် ဘဒ္ဒန္တတေဇောသာရနှင့် ဆရာတော်၊ သံဃာတော် ၁၈ပါးကြွရောက်တော်မူကြပြီး ဘဒ္ဒန္တတေဇောသာရထံမှ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ဖတ် သရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ရေစက်သွန်းချအမျှဝေ

ယင်းနောက် နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် အဘိဓမ္မာနည်းပြ ဆရာတော် ဘဒ္ဒန္တတေဇောသာရထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေပြီး အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဃ်န်းကျွန်း စံပြရပ်ကွက်လုံးဆိုင်ရာ မဟာဓမ္မပါလဓမ္မဗိမာန် ဆောက်လုပ်လှူဒါန်းရေး အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက်တွင် ရပ်ကွက်လုံးဆိုင်ရာ မဟာဓမ္မပါလ ဓမ္မဗိမာန်တော်ကြီး ဆောက်လုပ်လှူဒါန်းရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက ယင်းမူလဓမ္မဗိမာန်ဓမ္မာရုံ၌ ကျင်းပသည်။

အလှူငွေများလှူဒါန်း

ရှေးဦးစွာ ဓမ္မာရုံဥက္ကဋ္ဌ ဦးစံသိန်းက လှူဒါန်းမှုများနှင့် ပတ်သက်၍ အနုမောဒနာစကားပြောကြားသည်။ ဆက်လက်၍ အလှူငွေများလှူဒါန်းကြရာ ဦးတင်မောင်ဦးအား ရည်စူး၍ စံပြရပ်ကွက်(၃)လမ်း ဒေါ်နုခင်မိသားစုက အလှူငွေကျပ် ၁၅သိန်း **(အပေါ်ယာပုံ)** ဖခင် ဦးအုန်းလှိုင်-မိခင် ဒေါ်တင်ဝင်းတို့အား ရည်စူး၍ သားသမီးများဖြစ်သော ကြီးပွားရေးရပ်ကွက် အမှတ် ၄၈၁ အောင်သစ္စာလမ်းနေ ဦးသက်ပိုင်၊ ဒေါ်ကျင်သိန်းနှင့် မောင်နှမတစ်စုက အလှူငွေကျပ် ၁၀၁၅၀၀၀၊ ဆရာတော် ဦးစန္ဒာဝရ ရန်မျိုးအောင် ပရိယတ္တိစာသင်တိုက်က အလှူငွေကျပ် တစ်သိန်း၊ ဒေါ်တင်အောင်မိသားစု စံပြ ၁ လမ်း အောင်ချမ်းသာစတိုးဆိုင်က အလှူငွေကျပ် ငါးသိန်း၊ စံပြ(၅)လမ်း ဦးမြတ်ကျော်-ဒေါ်တင်မြင့် မိသားစုက အလှူငွေကျပ် နှစ်သိန်း၊ ဒေါ်ဖန်ရွှေဖုအားအမှူးထား၍ စံပြ ၅လမ်း ဒေါ်မင်းမင်းထွေး မိသားစုက အလှူငွေကျပ် သုံးသိန်း၊ ဦးကြီးမောင်အား ရည်စူး၍ စံပြ(၂)လမ်းနေ ဇနီးဒေါ်ကေနှင့် အစ်မ ဒေါ်ကရင်မမိသားစုက အလှူငွေကျပ် ၁၅၀၀၀၀၊ ၁၈/ဦးစံဖေလမ်း၊ သဃ်န်းကျွန်းနေ ဒေါ်ပြုံးပြုံး၊ သား မောင်အောင်သူတို့က အလှူငွေကျပ် တစ်သိန်း၊ ဒေါ်အုန်းမြင့် (စိုးမိသားစုမုန့်ဖတ်လုပ်ငန်း) စံပြဈေးက အလှူငွေကျပ် တစ်သိန်း၊ ဦးရန်သိန်း-ဒေါ်လှလှဝင်းမိသားစု ဒဂုံမြို့သစ်(တောင်ပိုင်း)က အလှူငွေကျပ် တစ်သိန်း၊ မိခင် ဒေါ်လှကြည်၊ ခင်ပွန်းဦးလှဝင်းတို့အားရည်စူး၍ ဒေါ်ကျင်စန်းမိသားစု ငမိုးရိပ်ရပ်ကွက်က အလှူငွေကျပ် တစ်သိန်း၊ စံပြ(၁)လမ်းမှ အလှူရှင်လေးဦးက အလှူငွေကျပ် လေးသိန်း၊ စံပြ(၂)လမ်း၊ အလှူရှင် ၂၁ဦးက အလှူငွေကျပ် ၂၁ သိန်း၊ စံပြ(၃)လမ်း အလှူရှင် ခုနစ်ဦးက အလှူငွေ ကျပ် ၇၀၁၀၀၀၊ စံပြ(၄)လမ်း အလှူရှင်လေးဦးက အလှူငွေကျပ် ၃၅၀၀၀၀၊ စံပြ (၅)လမ်း အလှူရှင်ခုနစ်ဦးက အလှူငွေကျပ် ခုနစ်သိန်း၊ စံပြ(၆)လမ်း အလှူရှင် သုံးဦးက အလှူငွေကျပ် ၂၅၀၀၀၀၊ စံပြ(၈)လမ်း အလှူရှင် တစ်ဦးက အလှူငွေကျပ် တစ်သိန်း စုစုပေါင်း လှူဒါန်းငွေကျပ် ၈၈၆၆၀၀၀ တို့ကို လှူဒါန်းကြရာ စံပြရပ်ကွက်ဥက္ကဋ္ဌ ဦးအေးလှိုင်၊ မဟာဓမ္မပါလ ဓမ္မဗိမာန် ဥက္ကဋ္ဌဦးစံသိန်း၊ အတွင်းရေးမှူး ဦးတင်ဝင်း၊ ဦးကျော်သိန်းနှင့် ဘဏ္ဍာရေးမှူး ဦးမောင်စိန်တို့ကလက်ခံယူကြပြီး အနုမောဒနာဂုဏ်ပြု လွှာပေးအပ်ကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ တည်ဆောက်နေသော ဓမ္မဗိမာန်တော်ကြီးအား သဒ္ဓါအလျောက် လှူဒါန်းလိုပါက ဖုန်း-၀၉-၅၀-၆၂၆၄၂၊ ၀၉-၅၀-၁၉၅၇၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၂၁)

လေးမျက်နှာမဟာစည်သာသနာ့ရိပ်သာ ဝါတွင်းလစဉ်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၁၅

ဧရာဝတီတိုင်း မြန်အောင်မြို့နယ် လေးမျက်နှာမဟာစည်သာသနာ့ရိပ်သာ၌ မဟာသတိပဋ္ဌာန်ဝိပဿနာတရားစခန်းပွဲကို ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၇ရက် (ဇူလိုင်၂၄ရက်) တွင် ပထမအကြိမ်၊ ဝါခေါင်လပြည့်ကျော် ၇ရက် (ဩဂုတ် ၂၃ ရက်)တွင် ဒုတိယအကြိမ်၊ တော်သလင်းလပြည့်ကျော် ၇ရက် (စက်တင်ဘာ ၂၁ ရက်)တွင် တတိယအကြိမ် နှစ်စဉ်နှစ်တိုင်းကဲ့သို့ ကျင်းပမည်ဖြစ်သည်။ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဌာနချုပ်မှ နာယက လေးမျက်နှာဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ စ-အ- ဓမ္မာစရိယ-ဂဏဝါစက) ကိုယ်တိုင် ကြွရောက်ဟောကြားပြသမည် ဖြစ်ရာ အချိန်မီကြွရောက်ရန်နှင့် သိရှိလိုက ဖုန်း-၀၄၄-၅၀၁၈၇သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ယိုကိုဆူကာဆိပ်ကမ်း၌ အမေရိကန် တိုက်လေယာဉ်တင်သင်္ဘော စခန်းချခွင့်ပြုမှု ဂျပန်ပြည်သူ ထောင်ပေါင်းများစွာ ကန့်ကွက်ဆန္ဒပြ

တိုကျို ဇူလိုင် ၁၅

ဂျပန်နိုင်ငံ တိုကျိုမြို့အနီးတွင် အမေရိကန်နျူကလီးယားတိုက်လေယာဉ်တင်သင်္ဘောတစ်စင်းအား အမြဲတမ်းသွားလာဖြတ်သန်း စခန်းချခွင့်ပြုမှုနှင့် ပတ်သက်ပြီး ဂျပန်ပြည်သူထောင်ပေါင်းများစွာတို့က ဇူလိုင် ၁၄ရက်၌ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ အဆိုပါ ကန့်ကွက်ဆန္ဒပြမှုသည် တိုကျိုမြို့တောင်ဘက်ရှိ ယိုကိုဆူကာဆိပ်ကမ်းမြို့ ပန်းခြံတစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပြည်သူ၁၃၀၀၀ ခန့်တို့က ကန့်ကွက်ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

ဆန္ဒပြ

ယိုကိုဆူကာဆိပ်ကမ်းကို အမေရိကန်တို့၏ ယူအက်စ်အက်စ်ဂျော့ဝါရှင်တန် တိုက်ခိုက်ရေးလေယာဉ်တင်သင်္ဘောကြီးအား ဆိုက်ကပ်ရပ်နား စခန်းချခွင့် ပြုပေးမည်ဖြစ်သဖြင့် ယခုကဲ့သို့ကန့်ကွက်ဆန္ဒပြခြင်းဖြစ်ကြောင်း ဆန္ဒပြပွဲဆော်သြသူများက ပြောကြားသည်။

စာချုပ်

ယူအက်စ်အက်စ်ဂျော့ဝါရှင်တန် တိုက်ခိုက်ရေးလေယာဉ်တင်သင်္ဘောကြီးသည် လာမည့်သြဂုတ်လ၌ ဂျပန်နိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်သည်။ ထိုသို့ အမေရိကန် တိုက်လေယာဉ်တင်သင်္ဘောကြီး ရောက်ရှိလာခြင်းမှာ မကြာမီက ချုပ်ဆိုခဲ့သော အမေရိကန်-ဂျပန် လုံခြုံရေးစာချုပ်အရဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် အသစ်ပြန်လည် ဖွင့်လှစ်သည့် နိုင်ရိုဘီ အမျိုးသားပြတိုက်အတွင်း တစ်နေရာကို ဇူလိုင်၁၅ရက်ကတွေ့ရစဉ်။

(အဆိုပါပြတိုက်ကို ၂၀၀၅ခုနှစ် အောက်တိုဘာလမှစတင်၍ အမေရိကန်ဒေါ်လာ ၁၄ဒသမ၅သန်း အကုန်အကျခံကာ အဆင့်မြှင့်တင် တိုးချဲ့မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး/လေ အခြေအနေ

နယူးယောက် ဇူလိုင် ၁၅

ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်မှ ဇူလိုင် ၁၅ရက်က ထုတ်ပြန်ခဲ့သော မြို့ကြီးအချို့၏ ရာသီဥတု အခြေအနေကို အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၀ ံC	မိုးသည်းထန်
ဂျပန်	တိုကျို	၃၀ ံC	တိမ်ထူထပ်
ထိုင်း	ဗန်ကောက်	၃၃ ံC	တိမ်ထူထပ်
သြစတြေးလျ	ဆစ်ဒနီ	၁၈ ံC	တိမ်ထူထပ်
ပါကစ္စတန်	ကရာချိ	၃၃ ံC	တိမ်ထူထပ်
အီဂျစ်	ကိုင်ရို	၃၂ ံC	သာယာ
ရုရှား	မော်စကို	၂၆ ံC	တိမ်ထူထပ်၊သာယာ
ဂျာမနီ	ဖရန့်ဖွတ်	၂၃ ံC	တိမ်ထူထပ်
ပြင်သစ်	ပါရီ	၂၄ ံC	တိမ်ထူထပ်
ဗြိတိန်	လန်ဒန်	၂၁ ံC	တိမ်ထူထပ်
အမေရိကန်	နယူးယောက်	၂၇ ံC	တိမ်ထူထပ်၊ မိုးရွာ

(အင်တာနက်)

အယုံအကြည်ရှိကြောင်းအဆို အစိုးရအရေးနိမ့်လျှင် အိန္ဒိယ၌ ရွေးကောက်ပွဲစောပြီး ကျင်းပမည်

နယူးဒေလီ ဇူလိုင် ၁၅

အိန္ဒိယညွန့်ပေါင်းအစိုးရ ခေါင်းဆောင်များက ဇူလိုင် ၂၂ရက်တွင် အစိုးရအပေါ်အယုံအကြည်ရှိကြောင်းအဆို အနိုင်ရရှိရေး ကြိုးပမ်းသွားမည်ဟု ပြောကြားသည်။

ညွန့်ပေါင်းအစိုးရ

ကွန်ဂရက်ပါတီဦးဆောင်သည့် ညွန့်ပေါင်းအစိုးရကို ကွန်မြူနစ်တို့က ပါလီမန်တွင် ထောက်ခံမှုရုပ်သိမ်းပြီးနောက် အထက်ပါအတိုင်း ညွန့်ပေါင်းအစိုးရက ဆုံးဖြတ်ခြင်းဖြစ်သည်။

ကန့်ကွက်

အမေရိကန်နိုင်ငံနှင့် အရပ်ဘက်နျူကလီးယားသဘောတူညီမှုကို ဆက်လက်အကောင်အထည်ဖော်ရန် အိန္ဒိယအစိုးရက ဆုံးဖြတ်သည်ကို ကန့်ကွက်သည့်အနေဖြင့် ကွန်မြူနစ်တို့က ထောက်ခံမှုကို ရုပ်သိမ်းခြင်းဖြစ်သည်။ အမတ် ၅၄၃ဦးရှိသည့် ပါလီမန်၌ လာမည့် ဇူလိုင်၂၂ရက်တွင် အယုံအကြည်ရှိကြောင်းအဆိုကို အစိုးရ ရှုံးနိမ့်သွားလျှင် အိန္ဒိယနိုင်ငံ၌ရွေးကောက်ပွဲ စောစီးကျင်းပရဖွယ်ရှိသည်။ နျူကလီးယား သဘောတူညီမှုလည်း ပျက်ပြယ်သွားနိုင်သည်။

(အင်တာနက်)

အာဖဂန် အထက်လွှတ်တော်အမတ်တစ်ဦးအား ပြန်ပေးဆွဲထားကြောင်း တာလီဘန်တို့ ပြောကြား

ကဘူးလ် ဇူလိုင် ၁၅

အာဖဂန်နစ္စတန်နိုင်ငံမှ အထက်လွှတ်တော်အမတ်တစ်ဦးအား ကဘူးလ်မြို့အနီးမှ မိမိတို့ ဖမ်းဆီးပြန်ပေးဆွဲခဲ့ကြောင်း အာဖဂန်နစ္စတန်မှ တာလီဘန်လက်နက်ကိုင်များက ဇူလိုင် ၁၅ရက်တွင် ထုတ်ဖော် ပြောကြားလိုက်သည်။

ပြောကြား

ပြန်ပေးဆွဲခံရသည့် အထက်လွှတ်တော်အမတ် ဒေါက်တာ အဗ္ဗဒူလာဝါလီကို မိမိတို့ ယခုအချိန်အထိ မည်သည့်အရေးယူဆောင်ရွက်မှုမျိုးမှ မပြုလုပ်သေးကြောင်း တာလီဘန်လက်နက်ကိုင်များ၏ ပြောရေးဆိုခွင့်ရှိသူ ဇာဘင်ဟူလာမူဂျာဟစ်က ပြောကြားသည်။

ပြန်ပေးဆွဲ

ဒေါက်တာ အဗ္ဗဒူလာဝါလီကို ကဘူးလ်မြို့အနီး လိုဂါပြည်နယ်ရှိ ခါရက်ခရိုင်အတွင်း၌ ဇူလိုင်၁၃ရက်တွင် တာလီဘန်တို့က ဖမ်းဆီးပြန်ပေးဆွဲခဲ့ခြင်းဖြစ်ပြီး ၎င်းနှင့်အတူ ယာဉ်မောင်း လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးလည်း ဖမ်းဆီးပြန်ပေးဆွဲခြင်းကို ခံခဲ့ရသည်။

ဒေါက်တာ အဗ္ဗဒူလာဝါလီနှင့် ဖမ်းဆီးထားသော တာလီဘန်လက်နက်ကိုင် သုံ့ပန်းများကို အလဲအလှယ်အနေဖြင့် ပြန်လွှတ်ပေးရန် အာဖဂန်နစ္စတန်အရာရှိများက ပြောကြားသည်။အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင် ဇူလိုင်၅ရက်ကလည်း အမည်မသိ သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အာဖဂန်နစ္စတန်အောက်လွှတ်တော်အမတ်တစ်ဦး သေဆုံးခဲ့ရသည်။

(အင်တာနက်)

မြေထဲပင်လယ် ထိပ်သီးညီလာခံကြေညာချက် အစ္စရေးနှင့် ပါလက်စတိုင်း သဘောထားကွဲလွဲ

ပါရီ ဇူလိုင် ၁၅

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပသည့် မြေထဲပင်လယ်ထိပ်သီးညီလာခံ၏ အပြီးသတ်ကြေညာချက်အပေါ် အစ္စရေးနှင့်ပါလက်စတိုင်းတို့ သဘောမတူညီကြဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘားနပ်ကုရှ်နာက ပြောကြားသည်။

အခက်အခဲကြုံရ

မြေထဲပင်လယ်သမဂ္ဂ၏ မူရင်းစာသားကို ပြင်ရမည်ဟုဆိုသည်။ အစ္စရေးနိုင်ငံနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရက်တစ်နိုင်ငံဟူသော အသုံးအနှုန်းတွင် အခက်အခဲကြုံရသည်ဟုလည်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘားနပ်ကုရှ်နာက ပြောကြားသည်။

အစ္စရေးနိုင်ငံ အနေဖြင့် ပါလက်စတိုင်းတို့နှင့် ငြိမ်းချမ်းရေးသဘောတူညီမှုရရန် မနီးစပ်ခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်က ထိပ်သီးညီလာခံ အပြင်ဘက်တွင် ပါလက်စတိုင်း ခေါင်းဆောင် မာမွတ်အဘတ်စ်နှင့်တွေ့ဆုံအပြီး ပြောကြားလိုက်သည်။

ထို့နောက် နှစ်ဖက်စလုံးက ငြိမ်းချမ်းရေးကို အလိုရှိကြောင်း မာမွတ်အဘတ်စ်က ပြောကြားပြီး ၄၃နိုင်ငံ ခေါင်းဆောင်များက မြေထဲပင်လယ်သမဂ္ဂကို ထူထောင်လိုက်သည်။ အရှေ့အလယ်ပိုင်း ပဋိပက္ခ အဆုံးသတ်ရေးမှာ အဓိကဦးစားပေးလုပ်ငန်းတစ်ခု ဖြစ်သည်။

(အင်တာနက်)

တရုတ်နိုင်ငံ ဟူဘေးပြည်နယ် အလယ်ပိုင်းတွင် ဘတ်စ်ကားတစ်စီး အရှိန်လွန်ကာ တံတားပေါ်မှ မြစ်အတွင်းသို့ ထိုးကျသွားခဲ့ပြီးနောက် ပြန်လည်ဆယ်ယူနေသည်ကို ဇူလိုင် ၁၃ရက်က တွေ့ရစဉ်။

(ယင်းမတော်တဆမှုကြောင့် ခရီးသည် ငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၁၅-၇-၂၀၀၈

အင်ဒိုနီးရှားမှ ကားတင်ပို့မှုမြင့်တက်

ဂျကာတာ ဇူလိုင် ၁၅

အင်ဒိုနီးရှားနိုင်ငံသည် အာဆီယံနိုင်ငံများအတွင်း မော်တော်ကားထုတ်လုပ်မှု အချက်အချာကျသည့် နိုင်ငံအဖြစ် အဓိကပါဝင်လျက်ရှိသည်။ ပြည်ပဈေးကွက်များသို့လည်း တင်ပို့နိုင်ခဲ့ရာ ဖိလစ်ပိုင်၊ ထိုင်းနှင့် မလေးရှားနိုင်ငံများသို့ အများဆုံး တင်ပို့နိုင်ခဲ့သည်။ သို့ရာတွင် မလေးရှားနိုင်ငံသည်လည်း ပြည်တွင်းမော်တော်ကား ထုတ်လုပ်သည့် နိုင်ငံဖြစ်သည်။

ကမ်းရိုးတန်းဖွံ့ဖြိုးရေးဇုန် ဗီယက်နမ်တည်ထောင်မည်

ဟနွိုင်း ဇူလိုင် ၁၅

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း ပင်လယ် ကမ်းရိုးတန်း ဒေသများကို ၂၀၂၅ခုနှစ် အရောက်တွင် ဖွံ့ဖြိုးရေးဇုန်အဖြစ် အခြေခံအဆောက်အအုံများ၊ ခရီးသွားလုပ်ငန်း၊ ပင်လယ်ဆိပ်ကမ်း၊ အဝေးပြေးလမ်းများ၊ လေဆိပ်များနှင့် ရထားလမ်းများ တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၁၄ရက်က ၎င်းနိုင်ငံ၏ စီးပွားရေးတိုင်းမ်သတင်းစာ၌ ဖော်ပြသည်။

ကမ္ဘာလှည့်ခရီးသည်ယာဉ် တိမ်းမှောက်

လီမာ ဇူလိုင် ၁၅

ဘိုလီးဗီးယားနိုင်ငံ ဆာလာဒီယူရိုနီမြို့၌ ဇူလိုင် ၁၃ရက်က ကမ္ဘာလှည့်ခရီးသည်များတင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီး တိမ်းမှောက်သဖြင့် သုံးဦးသေဆုံးခဲ့ကြောင်း၊ ၎င်းသေဆုံးသူများတွင် ပြင်သစ်နိုင်ငံသား နှစ်ဦး၊ ဘယ်လ်ဂျီယံနိုင်ငံသား တစ်ဦးတို့ ပါဝင်ပြီး အခြားကမ္ဘာလှည့် ခရီးသည် လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘိန်းဖြူ ၁၀၉ကီလို အာဖဂန်၌ ဖမ်းမိ

ကဘူးလ် ဇူလိုင် ၁၅

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟဲလ်မန့်ပြည်နယ်ရှိ စစ်ဆေးဂိတ်၌ ဇူလိုင် ၁၂ရက်က လုံခြုံရေးတပ်ဖွဲ့မှ စစ်ဆေးရှာဖွေစဉ် ဘိန်းဖြူ ၁၀၉ကီလို ရှာဖွေတွေ့ရှိ ဖမ်းဆီးခဲ့သည်။ ယခင်နှစ်က အာဖဂန်၌ ဘိန်းဖြူတန်ချိန် ၈၂၀၀ ဖမ်းမိခဲ့ရာ ဘိန်းဖြူ မှောင်ခိုထုတ်လုပ်ရောင်းချမှု အများဆုံး ဖြစ်သည်။

တရားမဝင် ပြည်ပအလုပ်သမား မလေးရှား၌အရေးယူ

ကွာလာလမ်ပူ ဇူလိုင် ၁၅

မလေးရှားနိုင်ငံ၌ ပြည်ပမှ တရားဝင် လာရောက်အလုပ်လုပ်ကိုင်သူ နှစ်သန်းရှိရာ တရားမဝင် လာရောက်နေထိုင်လုပ်ကိုင်သူ ပြည်ပအလုပ်သမား ငါးသိန်းခန့်ရှိကြောင်း၊ ယင်းသို့ ရောက်ရှိနေသူများကို အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇူလိုင်၁၂ရက်တွင် ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနှင့်ဘရာဇီး ဇီဝလောင်စာ ပူးပေါင်းထုတ်ယူမည်

ဂျကာတာ ဇူလိုင် ၁၅

အင်ဒိုနီးရှားနှင့် ဘရာဇီးနှစ်နိုင်ငံခေါင်းဆောင်များသည် ဇူလိုင် ၁၂ရက်က ရာသီဥတုပြောင်းလဲမှုနှင့်စားနပ်ရိက္ခာများအတွက် ဆွေးနွေးခဲ့ကြပြီးနောက် နှစ်နိုင်ငံစလုံးတွင် အပူပိုင်းသစ်တောများမှ ရရှိသည့် စွန့်ပစ်ပစ္စည်းများမှတစ်ဆင့် ဇီဝလောင်စာထုတ်ယူသုံးစွဲရေးတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

တရုတ်နိုင်ငံ ရှန်စီပြည်နယ်၌ ကျောက်မီးသွေးတွင်း ရေလွှမ်း

တန့်ယန်း ဇူလိုင် ၁၅

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ်တွင် ဇူလိုင် ၁၄ရက်က မြေအောက်ကျောက်မီးသွေးတွင်း၌ သတ္တုတွင်းလုပ်သား ၈၀ကျော်တာဝန်ထမ်းဆောင်နေစဉ် ရေလွှမ်းမှုဖြစ်ပွားသဖြင့် အလုပ်သမား ၁၀ဦးသေဆုံးပြီး ကျန်အလုပ်သမားများအား ကယ်ဆယ်ရေးအဖွဲ့မှ ကယ်တင်နိုင်ခဲ့သည်။

တူရကီတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှု သူပုန်လေးဦးသေဆုံး

အန်ကာရာ ဇူလိုင် ၁၅

တူရကီတပ်ဖွဲ့ဝင်များသည် တူရကီနိုင်ငံ အရှေ့တောင်ပိုင်းရှိ သောင်းကျန်းသူများအား စစ်ဆင်မှုများပြုလုပ်ရာ ဇူလိုင် ၁၄ရက် စစ်ဆင်မှုတွင် တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ကာ့ဒ်အလုပ်သမားပါတီ(ပီကေကေ)မှ သူပုန်လေးဦးသေဆုံးခဲ့ကြောင်း တူရကီ စစ်ဘက်ဆိုင်ရာ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တို့ အရောင်ပိုမိုတောက်ပလာ

အာကာသသိပ္ပံ



စကြဝဠာအတွင်းရှိ အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တို့သို့ ကမ္ဘာဂြိုဟ်မှနေ၍ အဏုကြည့်မှန်ပြောင်းကို အသုံးပြု၍ကြည့်ပါက ယခင်ကထက်ပိုမိုထင်ရှားစွာ မြင်တွေ့ရလာကြောင်း နာဆာသုတေသနပညာရှင်များက ဇူလိုင် ၁၄ရက်၌ ပြောကြားသည်။

ပိုမိုတောက်ပ

ထို့အပြင် အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တို့သည် အလင်းရောင်များပိုမိုတောက်ပစွာ ထွက်ပေါ်လာလျက်ရှိကြောင်း၊ စနေဂြိုဟ်သည် အင်္ဂါဂြိုဟ်ထက် အလင်းရောင်ပိုမိုတောက်ပနေသဖြင့် ထင်ထင်ရှားရှား မြင်တွေ့ရကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

ပြာလဲ့လဲ့အရောင်

ထိုသို့အရောင်များတောက်ပလာခြင်းသည် အင်္ဂါဂြိုဟ်နှင့်စနေဂြိုဟ်တို့၏ အတွင်းပိုင်း၌ ဘူမိအနေအထား ပြောင်းလဲခြင်းကြောင့်ဖြစ်နိုင်ပြီး လက်ရှိအချိန်၌ အဆိုပါဂြိုဟ်နှစ်ခုစလုံး၏အရောင်မှာ ပြာလဲ့လဲ့အရောင်များ ထွက်ပေါ်နေခြင်းဖြစ်သည်ဟု ဆိုသည်။

နီးကပ်လာ

ထို့အတူ အင်္ဂါဂြိုဟ်နှင့်စနေဂြိုဟ်တို့၏ အနေအထားမှာလည်း ယခင်ကထက် နီးကပ်လာနေကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်က လူမျိုးစုနေရာများကို တိုက်ခိုက်လာပါလျှင် ပါကစ္စတန်က တုံ့ပြန်တိုက်ခိုက်မည်ဟု ပြောကြား

အစ္စလမ္မာဘတ် ဇူလိုင် ၁၅

အမေရိကန်နိုင်ငံက မိမိတို့ ပါကစ္စတန်နိုင်ငံ၏ လူမျိုးစုများနေထိုင်ရာဒေသများကို တိုက်ခိုက်ရန်စီစဉ်နေကြောင်း ပါကစ္စတန်ထိပ်တန်း အစ္စလမ္မစ်ပါတီဖြစ်သည့် ဂျမက်အီးအစ္စလာမီအုပ်စုက ဇူလိုင် ၁၃ရက်တွင် ပြောကြားလိုက်ပြီး အမေရိကန်တို့က တိုက်ခိုက်လာလျှင် မိမိတို့တစ်နိုင်ငံလုံးက တုံ့ပြန်တိုက်ခိုက်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

စစ်ကြေညာခွင့်

အမေရိကန်နိုင်ငံက မိမိတို့နယ်စပ်ဒေသကို ကျူးကျော်တိုက်ခိုက်လျှင် မိမိတို့အနေဖြင့် စစ်ကြေညာခွင့်ရှိကြောင်း ဂျမက်အီးအစ္စလာမီအုပ်စုခေါင်းဆောင် ဟူစိန်အာမက်က အနောက်မြောက်ရှေ့တန်းပြည်နယ်မြို့တော် ပက်ရှဝါ၌ ဇူလိုင် ၁၃ရက်က ပြုလုပ်သည့် သတင်းစာရှင်းပွဲတွင် ပြောကြားလိုက်သည်။

အမေရိကန် စစ်ဦးစီးချုပ်များအဖွဲ့ ဥက္ကဋ္ဌ ရေတပ်ဗိုလ်ချုပ်ကြီး မိုက်မူကင် ပါကစ္စတန်နိုင်ငံသို့ ဆိုင်းမဆင့်ဗုံမဆင့် ရောက်ရှိပြီး နောက်တစ်ရက်တွင် ဂျမက်အီးအစ္စလာမီအုပ်စုက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ မစ္စတာမိုက်မူကင်သည် ပါကစ္စတန်စစ်ဦးစီးချုပ် ကာယာနီနှင့် တွေ့ဆုံခဲ့ကြောင်း ပါကစ္စတန်သတင်းစာက ဖော်ပြသည်။

သူတို့အတွေးနှင့် အမြင်

❖ ***Fame, like the river, is narrowest, where it is bred,and broadest afar off.***

မြစ်သည် စတင်စီးဆင်းရာတွင် ကျဉ်းသော်လည်း ထိုနေရာမှဝေးကွာလေလေ မြစ်ပြင်ကျယ်လာလေဖြစ်သကဲ့သို့ကျော်ကြားမှုသည်လည်း ထိုနည်းနှင်နှင်ပင်ဖြစ်ချေသည်။

ဝီလီယမ်ဒေ့ဗ်နန့်(အင်္ဂလိပ်လူမျိုးကဗျာနှင့် ပြဇာတ်ရေးဆရာ)

❖ ***Language is not only the vehicle of thought, it is a great and efficient instrument in thinking.***

ဘာသာစကားသည် တွေးခေါ်မှုကို ဖော်ညွှန်းပြဆိုရာဖြစ်သည်သာမက ဆင်ခြင်သုံးသပ်ရာ၌လည်း အရေးပါ၍ ထိရောက်သော ကိရိယာတစ်ခုဖြစ်သည်။

ဆာဟမ်းဖရေးဒေဗီ(အင်္ဂလိပ်လူမျိုးဓာတုဗေဒပညာရှင်)

အင်တာနက် ကျန်းမာရေး

နေ့အချိန်ထက် ညအချိန်အိပ်ခြင်းက ပိုမိုကောင်းမွန်

နေ့အချိန်အိပ်ခြင်းထက် ညအချိန် အိပ်စက်ခြင်းသည် ကျန်းမာရေးကို အထောက်အကူပြုစေပြီး ဦးနှောက်မှတ်ဉာဏ်ထက်မြက်မှု ပိုမိုအားပေးစေကြောင်းဆွစ်ဇာလန်နိုင်ငံမှ သုတေသနပညာရှင်များက ဇူလိုင် ၁၄ရက်၌ ပြောကြားသည်။

အထောက်အကူပြု

လေ့လာသုတေသနပြုချက်အရ နေ့ပိုင်းနှင့်ညပိုင်းအိပ်စက်ခြင်းတို့ အချိန်တူညီသော်လည်း ညပိုင်းပုံမှန်အိပ်စက်ခြင်းသည်သာ ကျန်းမာရေးကို အထောက်အကူပြုရာရောက်ကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

ညအချိန်ပုံမှန်အိပ်ပါက အိပ်ရေးဝပြီး ကျန်းမာရေးကောင်းမွန်မှု ပိုမိုရှိလာမည်ဖြစ်သလို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများကို ထိထိရောက်ရောက် ဖွံ့ဖြိုးတိုးတက်စေသည်ဟု ဆိုသည်။

လှုပ်ရှားမှုများရပ်တန့်

ဦးနှောက်အတွင်းရှိ နာဗ်ဆဲလ်များသည် သဘာဝအလျောက်ဖြစ်ပေါ်နေသည့် ညအချိန်ကာလတွင် ငြိမ်သက်နေတတ်ပြီး နာဗ်ဆဲလ်များ၏ လှုပ်ရှားမှုများရပ်တန့်ကာ အနားယူနေတတ်ကြသည်။ ယင်းမှာ နာဗ်ဆဲလ်များ နောက်နေ့အတွက် အသင့်ဖြစ်နေအောင် ငြိမ်သက်နေခြင်းဖြစ်သည်။ နေ့အချိန်၌ မှောင်နေသည့်အခန်းအတွင်း အိပ်စက်သော်လည်း နာဗ်ဆဲလ်များ လှုပ်ရှားမှုမှ ရပ်ဆိုင်းသွားခြင်းမရှိကြောင်း သိရသည်။

ထို့အတူ ဦးနှောက်ကျန်းမာရေး ကောင်းမွန်ရန်အတွက် လူတစ်ဦးသည် တစ်နေ့လျှင် ၈နာရီခန့် အိပ်စက်သင့်သည်ဟုလည်း ဆွစ်ဇာလန်သုတေသနပညာရှင်များက အကြံပြုပြောကြားသည်။

နိုင်ငံတကာ မှုခင်းဖြစ်ရပ်

စိတ်ဆန္ဒကို ရှေ့တန်းတင်ခဲ့မိရာဝယ်



လန်ဒန်မြို့သည် ဗြိတိန်နိုင်ငံ၏ မြို့တော်ဖြစ်ပြီး အလွန်စည်ကားလှသည်။ လန်ဒန်မြို့သည် စည်ကားသကဲ့သို့ မှုခင်းဖြစ်ပွားမှု ထူပြောသော မြို့လည်းဖြစ်သည်။ အမှုအခင်းများစွာ ဖြစ်ပွားခဲ့သည့်အနက် ယခုနှစ် ဇွန်၂၉ရက်တွင် ဖြစ်ပွားခဲ့သော မှုခင်းဖြစ်ရပ်ကား အံ့သြတုန်လှုပ်ဖွယ်ရာ ကောင်းလောက်အောင် ဖြစ်ခဲ့ရသည်။ ထို့အပြင် ဘဝတက်လမ်းအတွက် ပညာရှာနေသော ကျောင်းသားလေးများဖြစ်၍ ကြားရသူတိုင်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ခဲ့ကြရသည်။

ထိုနေ့ မတိုင်မီ တစ်လခန့်က ပြင်သစ်နိုင်ငံမှ ဇီဝအင်ဂျင်နီယာကျောင်းသားနှစ်ဦးဖြစ်သည့် အသက် ၂၃ နှစ်အရွယ်ရှိ ဂါဘရီယယ်ဖီရက်ဇ်နှင့် လောရင့်ဘိုနိုမိုတို့သည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ထိပ်တန်းတက္ကသိုလ်များအနက်မှ တစ်ခုဖြစ်သည့် အင်ပီရီယယ်ကောလိပ်တွင် ဒီအင်န်အေသုတေသနလုပ်ငန်းအတွက် သုံးလတာ လာရောက်ပညာသင်ကြားနေကြသူများဖြစ်သည်။

လန်ဒန်မြို့သို့ရောက်ခိုက်

သူတို့သူငယ်ချင်းနှစ်ဦးသည် လန်ဒန်မြို့သို့ရောက်ခိုက်တွင် မြို့တော်၏ လှေ့လာစရာကောင်းသည့် နေရာမှန်သမျှသို့ သင်တန်းအားချိန်တိုင်း သွားရောက်ခဲ့ကြသည်။ ထို့အပြင် နေရာစုံသို့ သွားရောက်လည်ပတ်ခဲ့ကြသည်။ သူတို့နှစ်ဦးသည် မိဘများက ချမ်းသာသူများပီပီ ငွေကြေးလည်း သုံးစွဲနိုင်သူများ ဖြစ်ကြသည်။

လန်ဒန်မြို့သည် စည်ကားသကဲ့သို့ မှုခင်း ဖြစ်ပွားမှု ထူပြောသော မြို့လည်းဖြစ်၊ အမှု အခင်းများစွာ ဖြစ်ပွားခဲ့သည့်အနက် ယခုနှစ် ဇွန် ၂၉ရက်တွင် ဖြစ်ပွားခဲ့သော မှုခင်းဖြစ်ရပ် ကား အံ့သြတုန်လှုပ်ဖွယ်ရာ ကောင်းလောက် အောင် ဖြစ်ခဲ့ရ၊ ထို့အပြင် ဘဝတက်လမ်း အတွက် ပညာရှာနေသော ကျောင်းသားလေး များဖြစ်၍ ကြားရသူတိုင်း စိတ်မကောင်းခြင်း ကြီးစွာ ဖြစ်ခဲ့ကြရ။

အချစ်နယ်ကျွံ

ငယ်ရွယ်သူများဖြစ်သည့်အလျောက် လူငယ်သဘာဝအရ လန်ဒန်မြို့မှ မိန်းကလေးတစ်ဦးနှင့် ရည်ငံခဲ့ကြလေသည်။ သူတို့သူငယ်ချင်း နှစ်ဦးစလုံး ထိုမိန်းကလေးကို သဘောကျခဲ့သော်လည်း ဂါဘရီယယ်ဖီရက်ဇ်သည် သူ၏သူငယ်ချင်း လော့ရင့်ဘိုနိုမိုအား အလျှော့ပေးခဲ့သည်။ ထို့ကြောင့် လောရင့်ဘိုနိုမိုနှင့် ထိုမိန်းကလေးတို့ ချစ်သူဘဝ ရောက်ရှိသွားခဲ့ကြသည်။ လောရင့်တို့ချစ်သူနှစ်ဦးအနေဖြင့် လူငယ်သဘာဝ အချစ်နယ်ကျွံခဲ့ကြသည်။ သူသည် မိန်းကလေးအား သူပညာသင်ပြီး ပြင်သစ်သို့အပြန်တွင် လက်ထပ်ခေါ်ယူသွားရန် ဆုံးဖြတ်ထားသည်။ ထိုမိန်းကလေးသည် သူတို့နေထိုင်ရာ လန်ဒန်မြို့တိုက်ခန်းမှ မိုင်ဝက်ခန့်ဝေးသော လယ်သမားမိသားစုမှ မွေးဖွားလာသူတစ်ဦးဖြစ်ပြီး ချို့တဲ့သူလေးဖြစ်သည်။ လောရင့်တို့မိသားစုအနေဖြင့် ချမ်းသာဆင်းရဲခွဲခြားတတ်သူများမဟုတ်သဖြင့် ထိုမိန်းကလေးအား လက်ထပ်ပြီး သူ၏အိမ်သို့ ခေါ်ယူသွားရေးမှာ မခက်ခဲပေ။

သတ်ဖြတ်ခံရ

သို့သော်လည်း လောရင့်အဖို့ကံဆိုးသည်မှာ သူတို့ချစ်သူနှစ်ဦး၏ ချစ်ဇာတ်လမ်းကို မိန်းကလေး၏အစ်ကို သိသွားကာ ယခုနှစ်ဇွန်လ ၂၉ရက်တွင်သူတို့သူငယ်ချင်းနှစ်ယောက်စလုံးကို ၄င်းတို့ငှားရမ်းနေထိုင်ရာတိုက်ခန်း၌ ဓားဖြင့် အချက်ပေါင်းများစွာထိုးသတ်ပြီး မီးရှို့ခဲ့ခြင်းပင်ဖြစ်သည်။ သူတို့နှစ်ဦး သတ်ဖြတ်ခံရမှုနှင့်ပတ်သက်ပြီး မိန်းကလေး၏ အစ်ကိုဖြစ်သူ အသက် ၃၅နှစ်ရှိ ဘားနတ်နှင့် အသက် ၂၅နှစ်ရှိ မိန်းကလေးမိတ်ဆွေ၊ ညီဖြစ်သူ အသက် ၂၃နှစ်ရှိ ဒင်နီယယ်ဆန်နက်စ် **(အပေါ်ဝဲပုံ)** နှင့် မိဘများဖြစ်ကြသော အသက် ၅၅နှစ်အရွယ်ရှိ ကက်သလင်းနှင့်ဘားနတ်တို့ကို ဖမ်းဆီးစစ်ဆေးနေဆဲဖြစ်သည်။ ထို့အပြင် အသက် ၃၃နှစ်ရှိ အလုပ်လက်မဲ့ တစ်ဦးဖြစ်သူ နီဂူယယ်အက်ဒ်ဝပ်ဖားမားဆိုသူကိုလည်း ဖမ်းဆီးခဲ့သည်။ ထိုအမှုသည် ဗြိတိန်ရေလက်ကြား တစ်ဖက်တစ်ချက်ရှိ နှစ်နိုင်ငံ ပြည်သူများအား ထိတ်လန့်တုန်လှုပ်စေခဲ့သည်။ အမှုတွင် ညီအစ်ကိုနှစ်ဦးစလုံးက လူသတ်မှု မကျူးလွန်ကြောင်း ငြင်းဆိုခဲ့ကြသည်။ မည်သို့ပင် ငြင်းဆိုစေကာမူ အမှန်တရားကို ဖုံးကွယ်၍ မရပေ။

ယခုဖြစ်ရပ်တွင် ပြည်ပနိုင်ငံ၌ ပညာရှာနေချိန်တွင် ရှေ့တန်းမတင်သင့်သော အချစ်စိတ်ဆန္ဒကို ရှေ့တန်းတင်ခဲ့မိသည့်အတွက် ဒုက္ခရောက်ခဲ့ရသော ဂါဘရီယယ်ဖီရက်ဇ်နှင့် လောရင့်ဘိုနိုမိုတို့၏ ဖြစ်ရပ်ကို သင်ခန်းစာယူဖွယ်ရာ ရေးသား ဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ဂျပန်တောင်ပိုင်း အိုကီနာဝါကျွန်းရှိ အမေရိကန်ကောင်စစ်ဝန်ရုံး မီးလောင်ဗုံးဖြင့် ပစ်သွင်းတိုက်ခိုက်ခံရ

တိုကျို ဇူလိုင် ၁၅

ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်းရှိ အမေရိကန်ကောင်စစ်ဝန်ရုံးဝင်း အတွင်းရှိ ပန်းခြံငယ်တစ်ခုအတွင်းသို့ မီးလောင်ဗုံးတစ်လုံး ဇူလိုင်၁၄ရက်က ပစ်သွင်းခံရကြောင်း အိုကီနာဝါရဲတပ်ဖွဲ့က ပြောကြားသည်။

ပစ်သွင်းတိုက်ခိုက်

အဆိုပါ ပန်းခြံငယ်အတွင်း၌ ကော့တေးပါတီတစ်ရပ်ကျင်းပနေချိန်တွင် မီးလောင်ဗုံးနှင့် ပစ်သွင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သော်လည်း တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

၄င်းမီးလောင်ဗုံးပစ်သွင်းသူမှာ နံပါတ်မပါသော မော်တော်ဆိုင်ကယ်စီးနင်းကာ ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ ၄င်းသည် ဒေသခံတစ်ဦးဖြစ်ကြောင်း အိုကီနာဝါ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြန့်ချထား

အိုကီနာဝါကျွန်းသည် တိုကျိုမြို့တောင်ဘက် မိုင်၁၀၀၀အကွာ၌ရှိပြီး အမေရိကန် တပ်ဖွဲ့ဝင် ၂၅၀၀၀ဖြန့်ချထားသည့် စစ်အခြေစိုက်စခန်းရှိသော ကျွန်းလည်းဖြစ်သည်။

(အင်တာနက်)

ဘဝအမောပြေ

ဒါကြောင့်ပါ....

စတိုးဆိုင်ကြီးတစ်ဆိုင်၌ ဇနီးမောင်နှံဈေးဝယ်နေရာမှ ဇနီးဖြစ်သူကို ရုတ်တရက် ရှာမတွေ့ဘဲရှိနေသဖြင့် အနီးရှိ အလွန်ချောမောလှပသော မိန်းကလေးတစ်ဦးကို အကူအညီ တောင်းလေသည်။

အမျိုးသား ။ ။ ဒီမှာမိန်းကလေး...အကူအညီတစ်ခုလောက်တောင်းချင်လို့ပါ။

မိန်းကလေး။ ။ ဘာဖြစ်လို့လဲ...

အမျိုးသား ။ ။ ကျွန်တော့်ဇနီးရှာမတွေ့လို့ပါ...

မိန်းကလေး။ ။ ကျွန်မနဲ့ဘာဆိုင်လို့လဲ...

အမျိုးသား ။ ။ ဒီလိုပါ... ကျွန်တော်နဲ့ အခုလို ခဏလေးစကားရပ်ပြောပေးဖို့ပါ။

မိန်းကလေး။ ။ ဘယ်လိုဖြစ်လို့လဲ...

အမျိုးသား ။ ။ ကျွန်တော့်မှာ အရမ်းချောတဲ့ အသိမိတ်ဆွေ အမျိုးသမီးတစ်ဦးရှိတယ်ဆိုတာသိပြီး မြန်မြန် ပြန်လာအောင်လို့ပါ။

မိန်းကလေး ။ ။ "ဘာ"

နိုင်ငံတကာသတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မြန်မာတို့ရဲ့ အမျိုးသားရေးစိတ်ဓာတ်ကို "နဲ့" နိုင်စွမ်းမရှိတဲ့ ကိုလိုနီဓော်နံမီဒီယာများ(၁)

သတင်းဆိုတာ မကြာမတင်ကဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်မှန်ကို ခေါ်တာပါ။ ဖြစ်ရပ်တစ်ခုဟာ (၁) မကြာခင်က ပူပူနွေးနွေးဖြစ်ခဲ့တဲ့ဖြစ်ရပ်၊ (၂) လူအများ မသိသေးတဲ့ဖြစ်ရပ်၊ (၃) လူအများ သိဖို့လည်းကောင်းတဲ့ ဖြစ်ရပ် ဖြစ်ရပါမယ်။ ဒါဆို "သတင်း"ရဲ့ အဓိပ္ပာယ်ပြည့်စုံပါပြီ။

သတင်းဆိုတဲ့ဖြစ်ရပ်ဟာ နေ့စဉ်၊ ညစဉ် မြန်မာတစ်ခွင်၊ ကမ္ဘာတစ်ခွင် မိမိတို့ပတ်ဝန်းကျင်မှာ တစ်ခုပြီးတစ်ခု ဖြစ်နေကြတာပါ။ သတင်းအကောင်းအဆိုး၊ အကြောင်းအကျိုးတွေကလည်း မျိုးစုံဖြစ်ပွားနေတတ်ပါတယ်။ ဘာပဲဖြစ်ဖြစ် လူတွေအတွက် သတင်းအသိဆိုတာ မုချလိုအပ်ပါတယ်။ လူ့ဘဝရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ရွာနိုင်ငံများ အဆင့်မြင့်မားတိုးတက်ရေး၊ လုံခြုံအေးချမ်းရေး စတဲ့ အရေးအရာတွေအတွက် သတင်းအသိကို အခြေခံကြရပါတယ်။

လူတစ်ဦးရဲ့ စူးစမ်းလေ့လာတွေ့ရှိမှု အသိတစ်ခု၊ ပညာရပ်တစ်ခု၊ တီထွင်ဆန်းသစ်မှုသတင်းကို ကြားသိတဲ့ အခြားသုတေသီပညာရှင်များက အဲဒီအသိ၊ အဲဒီတွေ့ရှိမှုကို အခြေခံပြီး ဆက်လက်စူးစမ်းရင်း ဒီကနေ့ ကမ္ဘာ့ပညာအဆင့်အတန်း၊ တီထွင်ထုတ်လုပ်မှုအဆင့်အတန်း၊ လူ့ယဉ်ကျေးမှုအဆင့်အတန်းကို ရောက်လာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် သတင်းဆိုတာ လူတို့မသိမဖြစ်၊ မရှိမဖြစ်တဲ့ ဦးနှောက်အသိပိုင်းဆိုင်ရာ အာဟာရတစ်မျိုးပါပဲ။

ရှေးပဝေသဏီကတည်းက လူတို့ဟာ ပါးစပ်သတင်းများကို နားစွင့်ခဲ့ကြရတယ်။ အမှတ်အသား၊ အပြုအမူများဖြင့် တစ်ဦးမှ တစ်ဦးထံ သတင်းပို့ခဲ့ကြတယ်။ တစ်နေရာမှ တစ်နေရာသို့ ထင်းခြောက်၊ သစ်ရွက်ခြောက်များပုံပြီး မီးရှို့ကာ မီးခိုးဖြင့် မိမိတို့တည်နေရာသတင်းကို ပေးပို့ခဲ့ကြပါတယ်။ ကချေသည်တို့ရဲ့ တေးသီချင်းများမှာ သတင်းအချက်အလက်များ ထည့်သွင်းစပ်ဆိုဖြန့်ဖြူးခဲ့ကြတယ်။ ငှက်ကလေးများ၊ ခိုကလေးများ ခြေထောက်မှာ စာခေါက်ကလေးများ ညှပ်ပြီး သတင်းပို့ခဲ့ကြပါတယ်။

လူသားတို့ရဲ့ သတင်းအသိ လိုအပ်ချက်ကြောင့်ပင် စာပေအက္ခရာ ရေးသားခြင်းအတတ်၊ ပုံနှိပ်ခြင်းအတတ်၊ စက္ကူလုပ်ခြင်းအတတ်များ ပေါ်လာချိန်မှာပင် သတင်းစာများ ပုံနှိပ်ထုတ်ဝေလာကြခြင်း ဖြစ်ပါတယ်။ ကမ္ဘာ့အရှေ့ခြမ်းမှာ တရုတ်ပြည်သည် လည်းကောင်း၊ ကမ္ဘာ့အနောက်ခြမ်းမှာ ဥရောပသည် လည်းကောင်း သတင်းစာများ အစောဆုံးထုတ်ဝေတဲ့ ဒေသများပါ။ ဒီကနေ့ ခေတ်မီအော့ဖ်ဆက်ပုံနှိပ်စက်များဖြင့် နိုင်ငံအားလုံးလိုလိုမှာပင် သတင်းစာများ ထုတ်ဝေလျက်ရှိကြပါပြီ။ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက် စတဲ့ လူထုဆက်သွယ်ရေးလုပ်ငန်း (မီဒီယာ)များက နေ့စဉ် သတင်းများ ဖြန့်ချိပေးလာကြတယ်။ ဂြိုဟ်တုဆက်သွယ်ရေးစနစ်ကြောင့် တစ်ကမ္ဘာလုံး ခုဖြစ်သတင်း ခုသိဖြစ်လာကြသည့်အတွက် သတင်းပြန်ကြားရေးနည်းပညာခေတ်(IT)၊ သတင်းဆက်သွယ်ရေးနည်းပညာခေတ် (ICT) ဟု ဆိုနေကြတာ ဖြစ်ပါတယ်။

ကမ္ဘာ့သတင်းဖြန့်ချိမှုသမိုင်း၊ သတင်းစာသမိုင်းဟာ ရှည်လျားလှပါပြီ။ အဲဒီသမိုင်းကြောင်းကို ပြောကြမယ်ဆိုရင်လည်း တစ်ထိုင်တည်းနဲ့မလုံလောက်ပါဘူး။ သမိုင်းထဲက ထူးခြားတဲ့ အနှစ်သာရ ထုတ်ပြလိုပါတယ်။ သတင်းဟာ လူတွေသိဖို့လိုတဲ့အတွက် သတင်းဖြန့်ရမည်ဆိုတဲ့ အသိစေတနာ၊ သတင်းကို ဖော်ပြရာမှာ သတင်းအဖြစ်မှန်၊ အချက်အလက်မှန်အတိုင်း တိတိကျကျ သတင်းပေးရမယ်ဆိုတဲ့ သတင်းကျင့်ဝတ်ဆိုတာတွေကို ရှေးကမ္ဘာ့ သတင်းစာဆရာကြီးများ ဦးထိပ်ထားခဲ့တာ တွေ့ရပါတယ်။ ဒါကြောင့် စစ်မှန်တဲ့ သတင်းမီဒီယာများနဲ့ ဒီကနေ့မှာလည်း သတင်းမှန်များနဲ့ လူသားတွေကို ဘက်မလိုက်၊ မှောင်မချ၊ မုသားမသုံး၊ သတင်းအလွဲသုံးစားမပြုကြဘဲ တိကျစွာ သတင်းပေးကြရမှာ ဖြစ်ပါတယ်။

ကမ္ဘာ့သတင်းပေးမှု၊ သတင်းဖြန့်ဖြူးမှုသမိုင်းမှာလည်း မသမာမှုများ ရှိခဲ့တာပါပဲ။ သတင်းမှန်ကို ဖျက်ဆီးပစ်ပြီး မမှန်မုသားတွေ၊ လိုရာပုံမှားရိုက်မှုတွေနဲ့ ဖြည့်စွက်ဖုံးအုပ် မှိုင်းတိုက်လာကြတယ်။ သိပ္ပံပညာရှင်၊ နည်းပညာရှင်တွေက ပညာရပ်သစ်၊ ပစ္စည်းသစ်၊ နည်းသစ်တစ်ခု တွေ့ပြီဆိုရင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး မတော်လောဘကြီးသူတွေက အဲဒီတွေ့ရှိချက်များကို လူသားအကျိုးအတွက် အသုံးမပြုဘဲ တစ်လွဲသုံးပြီး ၎င်းတို့ရဲ့ မတော်လောဘအတွက် အသုံးပြု အပွကြဲကြတော့တာပါပဲ။ ဒါကြောင့်လည်း စက်ရုံတွေ၊ ယာဉ်ကြီးတွေအတွက် စွမ်းအင်အဖြစ်၊ ကျန်းမာကုသရေး ဆေးတစ်လက် အဖြစ် အသုံးပြုနိုင်တဲ့ အဏုမြူဟာ အဏုမြူဗုံး၊ နျူကလီးယားဗုံး ဖြစ်လာပြီး လူသားများကို သတ်ဖြတ်ခြိမ်းခြောက်တော့တာပါပဲ။ ၁၉၄၅ခုနှစ် ဩဂုတ်လ ၆ရက်၊ ၉ရက်နေ့ ဂျပန်နိုင်ငံ ဟီရိုရှီးမားနဲ့ နာဂါဆာကီမြို့ နှစ်မြို့အပေါ် အမေရိကန်က အဏုမြူဗုံးနှစ်လုံး ကြဲချပြီး ဂျပန်ပြည်သူ သုံးလေးသိန်းတို့ မရှုမလှသေကျေပျက်စီးခဲ့တဲ့ ဖြစ်ရပ်ဟာ သာဓကတစ်ခုပါ။ ဓာတုအဆိပ်လက်နက်၊ ဇီဝလက်နက် စတဲ့ သာဓကတွေဟာလည်း အထင်အရှားပါ။

တက္ကသိုလ်မြွတ်သူ

"သတင်း"ကို အမှန်အတိုင်းပြောမယ်၊ ရေးသားတင်ပြမယ်ဆိုရင် ကုသိုလ်တစ်ခုပါပဲ။ အဲဒီသတင်းကို အမှန်အချက်အလက် မဖြစ်စလောက်၊ ဒါမှမဟုတ် အမှန်တစ်ဝက်၊ ဒါမှမဟုတ် အမှန်တစ်ချက်တစ်လေမှ မပါဘဲ မုသားဖုံးအုပ်ပြီး လိုရာပုံသွင်း၊ မှိုင်းတိုက်မယ်ဆိုရင်တော့ အကုသိုလ်တစ်ရပ်၊ ဒုစရိုက်တစ်ရပ်ဖြစ်သွားပါတယ်။ ဒါကြောင့် သတင်းကို အလွဲသုံးစား မလုပ်သင့်ကြပါဘူး။ ကိုယ်ကျိုးအတ္တအတွက် သတင်းကို အလွဲသုံးစားလုပ်တာလောက် အောက်တန်းကျတဲ့လုပ်ရပ်မျိုး မရှိပါဘူး။ လူယဉ်ကျေးတို့ရဲ့ လုပ်ရပ်လည်း မဟုတ်ပါဘူး။

ကမ္ဘာ့သမိုင်းမှာ သတင်းကို ကလိမ်ကကျစ်လုပ်သုံးခဲ့တဲ့ ဖြစ်ရပ်တွေ အများကြီးပါ။ သိသာထင်ရှားလွန်းတာ တစ်ခုပြောရရင် ဒုတိယကမ္ဘာစစ်အတွင်း ဂျာမနီအာဏာရှင် ဟစ်တလာဟာ ဥရောပကစပြီး တစ်ကမ္ဘာလုံးကို သိမ်းပိုက်ကျွန်ပြုဖို့ မူလ နယ်ချဲ့နိုင်ငံတွေလက်ထဲက ကိုလိုနီနိုင်ငံတွေကို တိုက်ရင်း ရန်သူ (အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ် စသည့် မဟာမိတ်နိုင်ငံအုပ်စု)ကို အနိုင်တိုက်နိုင်အောင် မီဒီယာတွေ(စာနယ်ဇင်း၊ ရေဒီယိုအသံလွှင့်လုပ်ငန်း) တလွဲသုံးခဲ့တယ်။ သတင်းမှန်နဲ့ အယုံသွင်းပြီးမှ သတင်းမှားလုပ်ကြံဖန်တီးထားတဲ့ မုသားသတင်းနဲ့ မဟာမိတ်စစ်သားတွေ၊ အစိုးရတွေ၊ ပြည်သူတွေကို မှိုင်းတိုက်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်အပြီး အရှေ့အုပ်စုဆိုတဲ့ ဆိုဗီယက် ဦးဆောင်တဲ့ ဆိုရှယ်လစ်(လက်ဝဲ) နိုင်ငံများအုပ်စုနဲ့ အနောက်အုပ်စုဆိုတဲ့ အမေရိကန်ဦးဆောင်တဲ့ (နယ်ချဲ့)အရင်းရှင် (လက်ယာ)နိုင်ငံများအုပ်စုတို့ ဝါဒချင်းတိုက်ခိုက်တဲ့ စစ်အေးတိုက်ပွဲကာလတစ်လျှောက် အနောက်အုပ်စု အထူးသဖြင့် အမေရိကန်ပြည်ထောင်စုက မုသားမှိုင်းတိုက်တဲ့ မီဒီယာလက်နက်ကို အသုံးပြုခဲ့တယ်။ ဒီကနေ့ ကမ္ဘာတစ်ခွင် ဗိုလ်ကျစိုးမိုး၊ စွက်ဖက်၊ ခြယ်လှယ်၊ သွေးခွဲစုပ်ရေးအတွက်လည်း မီဒီယာ အလွဲသုံးစားမှု ပိုလုပ်လာတာ တွေ့ရပါတယ်။

ကမ္ဘာမှာ ပညာရှင်များတီထွင်ပေးလို့ ရေဒီယို အသံလွှင့်လုပ်ငန်း ပေါ်လာတယ်။ ရေဒီယိုကနေ သီချင်းတွေ လွှင့်ပေးလို့ လူတို့နှစ်သက်လိုလားစွာ နားထောင်ခဲ့ကြတယ်။ ဖျော်ဖြေမှုတွေ ပေးတယ်၊ နောက်တော့ ဗဟုသုတဖြစ်ဖွယ်တွေ လွှင့်ပေးတယ်၊ ပညာပေးတယ်၊ နောက်ဆုံးမိုးလေဝသ သတင်းအပါအဝင် လူအများ စိတ်ဝင်စားမယ့် သတင်းတွေပါ ထည့်လွှင့်တယ်၊ ပြန်ကြားပေးတယ်။

အဲဒီလို ရေဒီယိုလုပ်ငန်းကို ကမ္ဘာက နှစ်ခြိုက်ချိန် စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေး ဝိသမလောဘသားကြီးများက ရေဒီယိုကို တလွဲ သုံးတော့တာပဲ။ အင်္ဂလန်မှာ မှုခင်းထောက်လှမ်းရေးအဖွဲ့ စကော့တလန်ယာဒ်ဆိုတာရှိပါတယ်။ အဲဒီ စကော့တလန်ယာဒ်မှာ နှစ်ရှည်လများလုပ်ကိုင်ခဲ့တဲ့ အရာရှိကြီး ဂျေဟေးဆိုသူဟာ စကော့တလန်ယာဒ်ကအနားယူပြီး BBCအသံလွှင့်ဌာနရဲ့ အကြံပေးအရာရှိဖြစ်လာခဲ့တယ်။ ဂျေဟေးဟာ BBC မှာ လုပ်ကိုင်ရင်း အသံလွှင့်လုပ်ငန်းရဲ့ နယ်ပယ်ကျယ်ပြန့်မှု၊ လူတို့အကြား ရေပန်းစားမှုကို သတိပြုမိလာပါတယ်။ ဒါကြောင့် ဂျေဟေးဟာ "ရေဒီယိုအသံလွှင့်လုပ်ငန်းဟာ စူးရှထက်မြက်တယ်။ လေလှိုင်းမှတစ်ဆင့် ကမ္ဘာ့ဒေသစုံ၊ နိုင်ငံစုံရဲ့ လေပိုင်နက်ထဲ အလွယ်တကူ ကျူးဝင်နိုင်တယ်။ ဗီဇာတို့ ဘာတို့ မလိုဘူး။ နိုင်ငံတိုင်းကို တံခါးမရှိ၊ ဓားမရှိ ဝင်နိုင်တယ်။ အဲဒီ ရေဒီယိုလေလှိုင်းကတစ်ဆင့် မိမိတို့ပြောလိုရာ၊ ဝါဒဖြန့်လိုရာ၊ သိစေလိုတာမှန်သမျှ တစ်ကမ္ဘာလုံးက ကြားသိစေနိုင်တယ်။ ဒါကြောင့် ရေဒီယိုအသံလွှင့်လုပ်ငန်းကို နိုင်ငံရေးလက်နက်အဖြစ် အသုံးပြုရမယ်"လို့ ရေးသားခဲ့တယ်။ အဲဒီအချိန်ကစပြီး အနောက်မီဒီယာတွေဟာ သတင်းမှန်ပေးတဲ့ ယန္တရားထက် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးစွက်ဖက်တဲ့လက်နက် ဖြစ်လာတော့တာပါပဲ။

သတင်းဟာ လူတွေသိဖို့ လိုတဲ့အတွက် သတင်းဖြန့် ရမည်ဆိုတဲ့ အသိစေတနာ၊ သတင်းကို ဖော်ပြရာမှာ သတင်းအဖြစ်မှန်၊ အချက် အလက်မှန်အတိုင်း တိတိ ကျကျ သတင်းပေးရမယ် ဆိုတဲ့ သတင်းကျင့်ဝတ် ဆိုတာတွေကို ရှေးကမ္ဘာ့ သတင်းစာ ဆရာကြီးများ ဦးထိပ်ထားခဲ့တာ တွေ့ရပါ တယ်။

၁၉၄၇ခုနှစ်ကုန်ပိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ လန်ဒန်(ဘိလပ်)မှာ မြန်မာ့လွတ်လပ်ရေးအတွက် ဗြိတိသျှဝန်ကြီးချုပ် အက်တလီနဲ့ ဆွေးနွေးခဲ့တယ်။ အောင်ဆန်း-အက်တလီ စာချုပ်ကို အပြီးသတ် အချောကိုင်သဘောတူညီမှုရတဲ့အခါ ဗိုလ်ချုပ်က လွတ်လပ်ရေးသဘောတူညီမှုရတဲ့ သတင်းကောင်းကို မြန်မာပြည်သူတွေကို ချက်ချင်း အသိပေးလိုတယ်။ အဲဒီကာလမှာ ခုခေတ်လို ဂြိုဟ်တုဆက်သွယ်ရေး မရှိသေး။ ဆက်သွယ်မှု ကြန့်ကြာနှေးကွေးသေးတဲ့ကာလ။ လန်ဒန်နဲ့ ရန်ကုန်လည်း တိုက်ရိုက်လေယာဉ်ခရီး အမြန်လမ်းကြောင်း မရှိသေး။ လေယာဉ်တစ်တန်၊ သင်္ဘောတစ်တန်ဆိုသလို သွားနေရတဲ့ကာလ။ အဲဒီမှာ ဗိုလ်ချုပ်က BBCမှတစ်ဆင့် သူ့ရဲ့ သတင်းကောင်းသဝဏ်လွှာလေးကို မြန်မာပြည်သူများအား အသိပေးဖို့ ကြိုးစားတယ်။ အဲဒီတုန်းက BBC မှာ လုပ်ကိုင်နေတဲ့ မြန်မာလူမျိုး ဦးတင်မောင်တို့၊ ဦးခင်တို့ကလည်း ဗိုလ်ချုပ်ရဲ့ သဝဏ်လွှာကို BBCက လွှင့်ပေးဖို့ ဝမ်းသာအားရ ယူသွားကြတယ်။ သို့သော် BBC(ခေါ်) ဗြိတိသျှအသံလွှင့် ကော်ပိုရေးရှင်းအာဏာပိုင်တွေက ဗိုလ်ချုပ် သဝဏ်လွှာကို အမြီးဖြတ်၊ ခေါင်းဖြတ်လုပ်ပြီး စာပိုဒ်တွေ၊ စာကြောင်းတွေ ဖြတ်ထုတ်ကာ ဘာတွေဖြည့်စွက်ရေးပေးရမယ်လို့ လုပ်လာတဲ့အတွက် ဗိုလ်ချုပ်ဟာ ဒေါ်ပွပြီး သဝဏ်လွှာကို အသံမလွှင့်ဖြစ်တော့ဘူး။ မြန်မာတွေ လွတ်လပ်ရေးမရခင်ကတည်းက မြန်မာနဲ့ BBC တို့ရဲ့ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်ရပ်ကလေးပါ။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းသောင်းကျန်းမှု၊ ပြည်တွင်းဆူပူမှုဖြစ်ရပ်တွေ၊ တရုတ်ဖြူ ကျူးကျော်မှု၊ ပြည်ပြေး သောင်းကျန်းမှု၊ ၁၉၈၈ခုနှစ် ဆူပူမှုနဲ့ နောက်ပိုင်း ဒီနေ့အထိ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်မှုတွေတိုင်းမှာ BBC၊ VOA စတဲ့ အင်္ဂလိပ်နဲ့ အမေရိကန် အသံလွှင့်ဌာနတွေ၊ အခြားမီဒီယာတွေက ဝင်ရောက်စွက်ဖက်နှောင့်ယှက်လာတာ အားလုံးအသိမို့ အသေးမစိတ်တော့ပါ။

(ဆက်လက်ဖော်ပြပါမည်)

လူတစ်ဦးရဲ့ စူးစမ်းလေ့လာတွေ့ရှိမှု အသိတစ်ခု၊ ပညာရပ်တစ်ခု၊ တီထွင်ဆန်းသစ်မှုသတင်းကို ကြားသိတဲ့ အခြားသုတေသီပညာရှင်များက အဲဒီအသိ၊ အဲဒီတွေ့ရှိမှုကို အခြေခံပြီး ဆက်လက်စူးစမ်းရင်း ဒီကနေ့ ကမ္ဘာ့ပညာ အဆင့်အတန်း၊ တီထွင်ထုတ်လုပ်မှု အဆင့်အတန်း၊ လူ့ယဉ်ကျေးမှုအဆင့်အတန်းကို ရောက်လာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် သတင်းဆိုတာ လူတို့ မသိမဖြစ်၊ မရှိမဖြစ်တဲ့ ဦးနှောက်အသိပိုင်းဆိုင်ရာ အာဟာရတစ်မျိုးပါ။

ကျိုက်ထို မုက္ခမူစံပြကျေးရွာလုံးကျွတ် မီးလင်းခြင်းအထိမ်းအမှတ်ဖွင့်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် ဇူလိုင် ၁၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုက္ခမူစံပြကျေးရွာလုံးကျွတ် မီးလင်းခြင်း အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၅ရက်က အဆိုပါ စံပြကျေးရွာ၌ ကျင်းပသည်။ ရေးဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်ဆွေနှင့် ကျေးရွာမီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးရင်ဆိုင်တို့က မုက္ခမူစံပြကျေးရွာလုံးကျွတ် မီးလင်းခြင်းဖွင့်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ကျေးရွာလုံးကျွတ် မီးလင်းခြင်း အထိမ်းအမှတ် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။(**အပေါ်ပုံ**)ဆက်လက်၍ တိုင်းမှူး နှင့်ဝန်ကြီးသည် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး 315KVA ထရန်စဖော်မာ တပ်ဆင်ထားရှိမှုနှင့် ကျေးရွာအိမ်ခြေ ၂၃၀တို့အား မီးအလင်းပေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မုက္ခမူစံပြကျေးရွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးရင်ဆိုင်က ကျေးရွာမီးလင်းရခြင်း၏ ဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၂၀၀၈ခုနှစ် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (အား/ကာ)

ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲဖွင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် ဇူလိုင် ၁၃ရက် ညနေ ၃နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပသည့် ၂၀၀၈ခုနှစ် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာပြိုင်ပွဲဝင်အသင်းများ သတ်မှတ်ထားသည့်နေရာ၌ နေရာယူကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကား ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမား များက အားကစားသစ္စာ အဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြကာ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

ထို့နောက် ပြိုင်ပွဲ၏ ပထမအဆင့် အုပ်စုအမှတ်ပေးပြိုင်ပွဲအဖြစ် ပွဲဦးထွက် ရန်ကုန်တိုင်း အမျိုးသမီးဘောလုံးအသင်းနှင့် ကရင်ပြည်နယ်အမျိုးသမီးဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်း အမျိုးသမီးဘောလုံးအသင်းက ၁၄ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းအသီးသီးမှ ၁၅သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး အုပ်စုပွဲများကို စလင်းအားကစားကွင်း၊ ပဒုမ္မာအားကစားကွင်းနှင့် အောင်ဆန်းအားကစားပြိုင်ဝင်းတို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နောက်ဆုံး ဗိုလ်လုပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း၌ ဩဂုတ် ၃ရက်တွင် ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

အမှတ် ၁၇၆ ဗိုလ်ဆွန်ပက်လမ်း ၁၀ရပ်ကွက် ပန်းဘဲတန်းမြို့နယ်နေ ဦးကျော်တင်၊ ဒေါ်စံသာနုမိသားစုက ဘက်စုံရန်ပုံငွေအတွက် အလှူငွေကျပ် နှစ်သိန်းကို ဗိုလ်အောင်ကျော်လမ်း အမှတ် ၂၉၅-၂၉၇ရှိ မဟာသိပ္ပံ၏ အလှူခံ ဌာနတွင် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ၏ ဥက္ကဋ္ဌနှင့် ဒုတိယပါမောက္ခချုပ် အငြိမ်းစား သံအမတ်ကြီး ဦးမြသန်းထံ ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

စမ်းချောင်းမြို့နယ် မြသိန်းတန် အောင်ဓမ္မာရုံကြီး၏ (၃၈)ကြိမ်မြောက် စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၂ရက်က ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်များအား ဓမ္မာရုံကြီး၏ နာယကများနှင့် ဥက္ကဋ္ဌဦးလှမြင့် (ကေသီပန် တိုင်းရင်းဆေးဝါး)တို့က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (၁၀၃)

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦးထံ ယူရီးယားဓာတ်မြေဩဇာများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၅

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ပြင်စလူရှိ ဗိုင်းဒေါင့်ချောင်းကျေးရွာနှင့် ဂန့်အိတ်ကျေးရွာရှိ လေဘေးသင့်လယ်မြေဧက ၁၄၂၀ စပါးစိုက်ပျိုးမြေတွင် မြေခံမြေဩဇာ အဖြစ်ထည့်နိုင်ရန် ငွေကျပ်သိန်း ၁၀၀တန်ဖိုးရှိ ယူရီးယားဓာတ်မြေဩဇာအိတ် ၃၅၀ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးထံ ဇူလိုင် ၁၁ရက် ညနေပိုင်းက ထွန်းရတနာစိမ်း ကျောက်မျက်ရတနာ ရောင်းဝယ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးထွန်းထွန်းမိသားစုက ရန်ကုန်မြို့ ဆည်မြောင်းဦးစီးဌာန အစည်းအဝေးခန်းမသို့ လာရောက်လှူဒါန်းရာ ဝန်ကြီးက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာ အဖွဲ့ချုပ် ရိပ်သာ ဆောက်လုပ် ရန် အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် အောင်သပြေလမ်း အမှတ် (၁၀)နေ ဦးခင်သောင်းအား ရည်စူး၍ ဇနီး ဒေါ်ရွှေသင်နှင့် သားသမီး၊ မြေးတစ်စုက အလှူငွေကျပ် တစ်သိန်းသုံးသောင်းကို ဒုတိယအကြိမ် လှူဒါန်းရာ နာယက၊ ဓမ္မကထိက ဆရာ ဦးသိန်းဆွေ (ဓနုဖြူ)နှင့် ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်တို့ လက်ခံယူစဉ်။ (က-ပ)

အရောင်းကုန်သည်ကြီးများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

Myanmar Distribution Group Co.,Ltd. (MDG)မှ အောက်မြန်မာပြည် အရောင်းကုန်သည်ကြီးများအား ဂုဏ်ပြုညှော်ခံသည့် Trade Dinnerကို ဇူလိုင် ၁၂ရက်ညပိုင်းက ရန်ကုန်မြို့ ကန်တော်ကြီး ဥယျာဉ်ကမ္ဘာရှိ Western Park Royal စားသောက်ဆိုင်၌ ကျင်းပသည်။

နှုတ်ခွန်းဆက်စကား

အခမ်းအနားတွင် Myanmar Distribution Group Co., Ltd. National Sales Manager ဦးသန်းအောင်နှင့် မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မော်သိန်းတို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး တက်ရောက်လာသော အရောင်းကိုယ်စားလှယ်များနှင့်ဧည့်သည်တော်များအား ညစာဖြင့် တည်ခင်းဧည့်ခံကာ စတီရီယိုတေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေ တင်ဆက်ကြသည်။

ရွေးချယ်ပေး

ထို့နောက် အထူးအစီအစဉ်အဖြစ် ဆိုနီတီဗွီသုံးလုံး၊ ဒီဂျစ်တယ် ဗီဒီယိုကင်မရာ လေးလုံး၊ ကင်မရာ ၂၉လုံး၊ ဒီဗွီဒီ ၂၄လုံး တို့ကို MDG Co.,Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မော်သိန်းနှင့် မန်နေဂျာများ၊ တာဝန်ရှိသူများက အရောင်းကိုယ်စားလှယ်များအား ကံစမ်းမဲနှိုက် ရွေးချယ်ပေးကြသည်။ ဆက်လက်၍ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မော်သိန်းက ကံစမ်းမဲ ပထမဆုရရှိသော မရမ်းကုန်းမြို့နယ်မှ အောင်ပါစေမုန့်ဆိုင်၊ ဒုတိယဆုရရှိသော ဦးစိုးနိုင်(မြောင်းမြ) **(အောက်ဝဲပုံ)** နှင့် တတိယဆုရရှိသော ဒေါ်ရင်နု (မြောက်ဒဂုံ)တို့အား ဆိုနီတီဗွီများ ပေးအပ်ချီးမြှင့်သည်။

နှစ်ခြိုက်စွာအားပေး

Myanmar Distribution Co.,Ltd.သည် Gold Roast ကော်ဖီမစ်၊ Gold Roast Gold ကော်ဖီမစ်၊ Ben Cafe ကော်ဖီမစ်၊ Calsome ကွေကာ၊Royal Myanmar Teamix၊ Fresh up လီမွန်တီး၊ Calsome Plus ကွေကာ၊ Calsome ချောကလက်ကွေကာနှင့် Calsomeစတော်ဘယ်ရီကွေကာ အစရှိသည့် နိုင်ငံတကာ အရည်အသွေးမီ ကုန်ပစ္စည်းများကို မြန်မာနိုင်ငံ တစ်ဝန်းရှိ စားသုံးသူများထံသို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိရောင်းချပေးနေရုံသာမက နိုင်ငံရပ်ခြားရှိ မြန်မာပြည်သူပြည်သားများနှင့် နိုင်ငံခြားသားများကပါ နှစ်ခြိုက်စွာ လက်ခံအားပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အနာဂတ်၌ပေါ်ထွန်းလာမည့် အဆင့်မြင့်နည်းပညာသုံး လုပ်ငန်းများအတွက် အရည်အသွေးမြင့် အသိပညာနှင့် အတတ်ပညာရှင်များ ပြုစုပျိုးထောင် နိုင်ငံနှင့်လူမျိုးအကျိုးစီးပွား ဖြည့်ဆည်းနိုင်ရေး တီထွင်ကြံဆကြိုးပမ်း

နေပြည်တော် ဇူလိုင် ၁၅

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ဖွင့်လှစ်ခဲ့သောတက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၁၄ရက် နံနက် ၉ နာရီက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယဝန်ကြီးများ၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း၊ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့်ဌာနမှူးများ၊ ကထိကများနှင့်လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသားသင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာချမ်းငြိမ်းက သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၌ စနစ်တကျဖြင့်ရည်မှန်းချက်ရှိရှိပြောင်းလဲတိုးတက်နိုင်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း။

ထိန်းသိမ်းမြှင့်တင်

အောင်မြင်ဖြစ်ထွန်းရရှိလာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများတွင် မိမိတို့ တက္ကသိုလ်၊ ကောလိပ်များနှင့်တက္ကသိုလ်၊ကောလိပ် ကျောင်းသူ ကျောင်းသား လူငယ်များပါ စနစ်တကျ ပေါင်းစည်းမိစေပြီး ယင်းအောင်မြင်ဖြစ်ထွန်းမှု အခြေခံကောင်းများ အရှည်တည်တံ့စေရန် ထိန်းသိမ်းမြှင့်တင်ပေးသွားနိုင်ရန်လည်း လိုကြောင်း။

မြန်မာ့လူ့ဘောင် အဖွဲ့အစည်းကို မျက်မှောက်ခေတ်၏ နည်းပညာစွမ်းအားဖြင့် ပြည့်စုံစေရန် ပညာရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင်ပေးရမည်ဖြစ်သကဲ့သို့ ခေတ်မီနည်းပညာများ၏ထောက်ကူမှုဖြင့် တစ်နေ့တခြားဖွံ့ဖြိုးတိုးတက်လာနေသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် မိမိတို့တက္ကသိုလ်၊ကောလိပ်များကမွေးထုတ်လိုက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ အံဝင်ခွင်ကျ ဖြစ်စေရန်လည်း ကြိုးစားအားထုတ်ကြရန်လိုကြောင်း။

ရှေ့ဆောင်ကြိုးပမ်း

နိုင်ငံ၏စီးပွားရေးတိုးတက်ဖြစ်ထွန်းလာမှုများ၊ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်၊ နိုင်ငံအချင်းချင်း စီးပွားရေး၊ လူမှုရေးပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ ပိုမိုကျယ်ပြန့်လာမှုများနှင့်အတူ အရှိန်အဟုန်ဖြင့် ပြောင်းလဲလာသည့် အုပ်ချုပ်ရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ကုန်သွယ်မှု၊ရင်းနှီးမြှုပ်နှံမှု၊ ငွေကြေးစီမံခန့်ခွဲမှု နယ်ပယ်ကဏ္ဍအသီးသီးတွင် အခြေအနေ အချိန်အခါနှင့် လျော်ညီသည့်နည်းပညာရပ်များ၊ ခေတ်မီနည်းစနစ်နှင့်အခြေခံအဆောက်အအုံများ ဖြစ်ထွန်းလာစေရန် သက်ဆိုင်ရာ တက္ကသိုလ်၊ကောလိပ် အသီးသီးက ရှေ့ဆောင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အလားတူပင် စိုက်ပျိုးရေး၊မွေးမြူရေး၊ သစ်တော၊ သတ္တု၊ စက်မှုကုန်ထုတ်လုပ်ငန်းကဏ္ဍ အားလုံးတွင် သာမက မြို့ပြထူထောင်ရေး၊ကျန်းမာရေး၊ ယဉ်ကျေးမှု ထိန်းသိမ်းရေး စသည့် လူမှုရေးနယ်ပယ် ကဏ္ဍများ၌ပါ အဆင့်မြင့်နည်းပညာ၊ အတတ်ပညာများ အချိန်နှင့် တစ်ပြေးညီရယူအသုံးချနိုင်စေရေးအတွက်တက္ကသိုလ်၊ ကောလိပ်အသီးသီးကပညာရပ်ဆိုင်ရာတွင် အခါမလပ် တိုးတက်ဖြစ်ထွန်းနေစေရန် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ပြုစုပျိုးထောင်

ထို့အပြင်နိုင်ငံအတွင်းဖြစ်ထွန်းနေပြီဖြစ်သည့်စက်မှုဇုန်ကြီးများနှင့်စက်မှုမြို့ကြီးများတွင် တိုးပွားထွန်းကားလာနေသောအဆင့်မြင့်စက်မှုကုန်ထုတ်လုပ်ငန်းများ၊ အထူးစီးပွားရေးဇုန်များတွင်ရှိသည့် အဆင့်မြင့်နည်းပညာသုံး စီးပွားရေးလုပ်ငန်းများ၊ ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးနည်းပညာအခြေခံသော စီးပွားရေးလုပ်ငန်းများအပြင် မကြာမီသော အနာဂတ်၌ပေါ်ထွန်းလာမည့် အဆင့်မြင့် နည်းပညာသုံး ထုတ်လုပ်မှု လုပ်ငန်းများ၊ အသိဉာဏ် အခြေပြုထုတ်ကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းများကတောင်းဆိုနေသည့် အရည်အသွေးမြင့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ ကွန်ပျူတာပညာရှင်များကိုလည်း အမြောက်အမြားပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဖြစ်ကြောင်း။

နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများ၊ နိုင်ငံတော် တိုးတက်ဖြစ်ပေါ်မှုများနှင့်အညီ နိုင်ငံတော်၏ လိုအပ်ချက်များသည်လည်းပြည့်စုံသည်မရှိ၊ အစဉ်အမြဲပြောင်းလဲ လိုအပ်နေမည် ဖြစ်သည့်အတွက် နိုင်ငံ၏ လိုအပ်ချက်၊ နိုင်ငံနှင့် လူမျိုး၏ အကျိုးစီးပွားတို့အတွက် အချိန်နှင့်အမျှ ဖြည့်ဆည်းပေးနိုင်စေရန် အစဉ်အမြဲ လေ့လာသင်ယူ တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်နေသော အစဉ်ရှင်သန်နေသည့်ပညာရေးစနစ်ဖြစ်နေစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာချမ်းငြိမ်းက သင်တန်းသား စံပြဆုရ သင်တန်းသားအမှတ် (စီ-၈၇)သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနစက်မှုနှင့်သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ် (ကျောက်ဆည်)မှ လက်ထောက်ကထိက ဦးဝင်းမင်းလတ်၊သင်တန်းသူ စံပြဆုရ သင်တန်းသူအမှတ်(ဘီ-၁၄) အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ် (မန္တလေး)မှ နည်းပြ ဒေါ်ချောစုဝင်း၊သင်တန်းသားဖွဲ့လုံ့လဆုရ သင်တန်းသား အမှတ် (စီ-၃၂) ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတိုင်းရင်းဆေးသိပ္ပံမှ နည်းပြအရာရှိ ဦးဌေးလွင်၊ သင်တန်းသူ ဖွဲ့လုံ့လဆု ရရှိသော သင်တန်းသူအမှတ် (အေ-၁၅၄) ဆေးသိပ္ပံပညာဦးစီးဌာနသူနာပြုတက္ကသိုလ်မှ ကထိက ဒေါ်မြင့်မြင့်နွယ်နှင့် သင်တန်းသူ အမှတ်(အေ-၁၅၅) ဆေးသိပ္ပံပညာ ဦးစီးဌာန သူနာပြုတက္ကသိုလ်မှ ကထိက ဒေါ်တင်တင်ကျော်၊ စံပြ အဆောင်ဆုရ သင်တန်းသားတပ်ခွဲ(၁) အဆောင်(၃)နှင့် သင်တန်းသူ တပ်ခွဲ(၂) အဆောင်(၄) တို့အား ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားသင်တန်းသူများ ကိုယ်စား တပ်ခွဲအလိုက် သင်တန်းသား ခေါင်းဆောင်နှင့်ဒုတိယခေါင်းဆောင်များထံပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက်ဝန်ကြီးများနှင့်အဖွဲ့ဝင်များသည်သင်တန်းဆင်းသင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ(ကိုယ်စား) ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ (ကိုယ်စား) ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း သင်တန်းသူ စံပြဆုရ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ ဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(မန္တလေး)မှ နည်းပြ ဒေါ်ချောစုဝင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၁၄ ရက် (အဖိတ်နေ့)
၁၆-၇-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ထွန်းလင်းရောင်ဝါသာသနာ (အပိုင်း-၄)
- ၈:၀၀ ၅။ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ထီးအောင်းကျေးရွာ ဓမ္မစကြာဝတ်အသင်း၏ ဓမ္မစကြာ ဒေသနာတော်(အမေး၊အဖြေ)
- ၈:၃၀ ၆။ International News
- ၉:၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ သီချင်းကြီးပဒေသာ
- ၄:၃၀ ၄။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန အဌမ အကြိမ် ရှေ့နေချုပ်ရုံးမိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲ ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု)(အထက-၁၊ဒဂုံ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၅:၀၀ ၅။ ဝါဆိုလဘွဲ့တေးများ
- ၅:၁၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၂၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ မြန်မာ့လေ့ရိုးရာလက်ဖွဲ့
- ၇:၀၀ ၁၂။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၃၀ ၁၃။ မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း) တရားဦးရတနာဓမ္မစကြာနှင့် ဓမ္မဒူတမိန့်ခွန်းတော် (ဣန္ဒာဆွေစီစဉ်ရေးဖွဲ့ ပူဇော်သည်)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
  - ၁၅။ နိုင်ငံတကာသတင်းများ
  - ၁၆။ မိုးလေဝသအခြေအနေ
  - ၁၇။ မြတ်ဗုဒ္ဓမဇ္ဈိမ၏ အနှိုင်းမဲ့ရတနာ

မစ္စတာမီရ်ဂါနီမိုဟာမက်ဆာလီအား ဆူဒန်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဇူလိုင် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆူဒန်သမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာမီရ်ဂါနီမိုဟာမက်ဆာလီအားခန့်အပ်ရန် ဆူဒန်သမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီလိုက်ပြီး ဖြစ်သည်။

မစ္စတာ မီရ်ဂါနီမိုဟာမက်ဆာလီသည် ၁၉၅၁ခုနှစ် ဇန်နဝါရီ ၁ရက်တွင် မွေးဖွားခဲ့သည်။ ၁၉၇၄ ခုနှစ်နှင့် ၁၉၈၄ ခုနှစ်များတွင် စီးပွားရေးဘွဲ့၊ နိုင်ငံရေးသိပ္ပံဘွဲ့နှင့် ပြင်သစ်ဘာသာ ဒီပလိုမာတို့ ရရှိခဲ့သည်။

မစ္စတာမီရ်ဂါနီမိုဟာမက်ဆာလီသည် ၁၉၇၅ ခုနှစ်မှစ၍ ဆူဒန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုဦးစီးဌာနတွင် လက်ထောက်အရာရှိအဖြစ် ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ ဆူဒန် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ စီးပွားရေးဆိုင်ရာ အရာရှိအဖြစ် သုံးနှစ်ကြာ သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၆ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ဆူဒန်သမ္မတနိုင်ငံ သံရုံးတွင် စီးပွားရေးအကြံပေးအဖြစ်လုပ်ကိုင်ခဲ့သည်။ မစ္စတာ မီရ်ဂါနီမိုဟာမက်ဆာလီသည် ဆိုမာလီးယားနှင့် ရှိမေးနီးယားနိုင်ငံတို့ရှိ ဆူဒန်သမ္မတနိုင်ငံ သံရုံးတွင်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဦးစီးဌာနတွင် စီးပွားရေးအကြံပေးအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ဒုတိယညွှန်ကြားရေးမှူးဖြစ်လာခဲ့သည်။ ၁၉၉၄ခုနှစ်တွင် ဝါရှင်တန်ရှိ ဆူဒန်သမ္မတနိုင်ငံ သံရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် အမေရိကန်ရေးရာဌာန၌ ညွှန်ကြားရေးမှူးဖြစ်လာခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ဆူဒန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။

မစ္စတာ မီရ်ဂါနီမိုဟာမက်ဆာလီသည် အိမ်ထောင်သည် တစ်ဦးဖြစ်ကာ သားသမီးလေးဦး ထွန်းကားခဲ့သည်။

မစ္စတာမီရ်ဂါနီမိုဟာမက်ဆာလီသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ရုံးစိုက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆူဒန်သမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးဘရွှေက တောင်ဘက်ဓာတ်လှေကားလျှောက်လမ်း ပြုပြင်ထားမှုများကို ရှင်းလင်းပြသသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်ပုံတူ ရွှေစေတီအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇည့်ခံတန်ဆောင်းမှနေ၍ ရွှေတိဂုံစေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတို့ဖြင့် လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေတိဂုံစေတီတော် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ဘုရားအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ရှင်သာမဏေဓမ္မဗိမာန်၌ မဟာသရဏဂုံတော်ကြီး သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၅

လယ်တီ ဆရာတော်ကြီးသည် သစ္စာလေးပါးတရားတော်နှင့် ယှဉ်တွဲဖွင့်ဆိုပူဇော်အပ်သော မဟာသရဏဂုံတော်ကြီးကို ဇူလိုင် ၂၀ရက်(တနင်္ဂနွေနေ့) မှစ၍ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁၂နာရီခွဲမှ ၂နာရီအထိ ဆရာ ဦးတင်ဝင်းက ဓမ္မဒါနပို့ချမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ရှင်သာမဏေ ဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့ အာဇာနည်လမ်း (ရွှေတိဂုံဘုရားအရှေ့ဘက်) ဗဟန်းမြို့နယ် ဖုန်း-၃၈၇၃၆၁သို့ ဆက်သွယ်၍ စာရင်းပေးသွင်း တက်ရောက်နိုင်ကြကြောင်း သိရသည်။

(က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်လမ်းရှိ ယခင်ပြည်သူ့လွှတ်တော်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက မေ ၂ရက် ည ၁၂နာရီမှစတင်၍ တိုက်ခတ်ခဲ့သည့် လေမုန်တိုင်းကြောင့် ရွှေတိဂုံစေတီတော်ရှိ သာသနိကအဆောက်အအုံများ ပျက်စီးခဲ့မှုများကို ပဏာမရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယတိုင်းမှူးက လေမုန်တိုင်းတိုက်ခတ်ခံရသော်လည်း ရွှေတိဂုံစေတီတော်၏ ထီးတော်မှာထိခိုက်မှုမရှိခဲ့ပါကြောင်း၊ Concordia Co. ၏ ခေတ်မီ တိုင်းတာရေးကိရိယာများဖြင့် နှစ်ကြိမ်တိုင် ထီးတော်၏ကြံ့ခိုင်မှုကို စစ်ဆေးမှတ်တမ်းတင်ထားပြီးဖြစ်ပါကြောင်း၊ အခြားပျက်စီးသည့်စေတီများ၊ အာရုံခံမုခ်ဦးများ၊ တန်ဆောင်းများစသည့် ပျက်စီးမှုများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရွှေတိဂုံစေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း အပါအဝင် ဆက်လက်ဆောင်ရွက်သွားမည့် ဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများက ရွှေတိဂုံစေတီတော်၏ ထီးတော်ကြံ့ခိုင်မှုအပါအဝင် ဘက်စုံပြုပြင် မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

စီမံဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ရွှေတိဂုံစေတီတော်ကြီးအား ရေရှည် သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်ရန် သက်ဆိုင်ရာပညာရှင်များနှင့်ညှိနှိုင်း၍ လိုအပ်သည်များကို ထပ်မံလေ့လာပြီး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား တာဝန်ရှိသူများက ရွှေတိဂုံစေတီတော် ဘက်စုံမွမ်းမံပြင်ဆင်ခြင်း မှတ်တမ်းဓာတ်ပုံများ၊ လေမုန်တိုင်းကြောင့် လွင့်စဉ်ကျလာသော ရတနာပစ္စည်းများ၊ ရွှေပြားများသိမ်းဆည်းထားမှုများကို ပြသရှင်းလင်းကြသည်။

လှည့်လည်ကြည်ညို

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော် အထက်ပစ္စယာ၌ ဘက်စုံမွမ်းမံပြုပြင်ထားမှုများကို လှည့်လည်စစ်ဆေး ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ဘုရားအား ဆွမ်း၊ ဆီမီး၊ ပန်းနှင့် ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စေတီတော် အလယ်ပစ္စယာရှိ ဘက်စုံပြုပြင်မွမ်းမံပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်လမ်းရှိ ယခင် ပြည်သူ့လွှတ်တော်အဆောက်အအုံသို့ ရောက်ရှိကြပြီး မုခ်ဦးဆောင်ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက လေမုန်တိုင်းကြောင့် ပြည်သူ့လွှတ်တော်အဆောက်အအုံ ထိခိုက်ပျက်စီးခဲ့မှုများနှင့် မွမ်းမံထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပြည်သူ့လွှတ်တော် အဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြည့်စွက်တင်ပြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်သူ့လွှတ်တော် အဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စနစ်တကျ ထိန်းသိမ်းပြုပြင် စောင့်ရှောက်မှုများပြုလုပ်ရန် မှာကြားသည်။

(သတင်းစဉ်)

ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၁၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၅ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ**(အောက်ဝဲပုံ)**က အမှာစကားပြောကြားရာတွင် ယခုအခါ ကမ္ဘာ့ရေနံဈေးနှုန်း အဆမတန် မြင့်တက်လျက်ရှိကြောင်း၊ ပြည်တွင်းသုံးစွဲမှုဖူလုံစေရန်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထပ်မံတိုးတက်တူးဖော်ထုတ်လုပ်သွားရန်ဖြစ်သကဲ့သို့ တစ်ဖက်မှလည်း လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန်နှင့် မသမာမှုများ ပပျောက်ရေးတို့အတွက်အဆင့်ဆင့်ကြပ်မတ်ထိန်းသိမ်းသွားရမှာဖြစ်ကြောင်း၊ ရေနံအထွက်တိုးရေးဆောင်ရွက်ရာတွင် ခေတ်မီနည်းစနစ်များကိုသုံး၍ ရေနံမြေများအလိုက် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းမှာကြားပြီး ရေနံမြေအသစ်များရှာဖွေတူးဖော်မည့် အစီအမံများဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော ရေနံမြေအထွေထွေမန်နေဂျာများက မိမိတို့ရေနံမြေ အလိုက် လက်ရှိရေနံထုတ်လုပ်မှု အခြေအနေနှင့်ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးများ၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယဝန်ကြီးတို့က အသီးသီးဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေး၊ လက်ရှိရေနံအထွက်နှုန်း မကျဆင်းစေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နှင့် လုပ်ငန်းခွင်တွင် ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆောင်ရွက်သွားကြရေး၊ အလေအလွင့်ထိန်းသိမ်းရေးနှင့် သတ်မှတ်ထားသော ရည်မှန်းချက်များအလိုက် တွင်းသစ်များ ရှာဖွေတူးဖော်ပြီး ရေနံမြေသစ်များပေါ်ထွက်ရေး ကြိုးပမ်းဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေ့နေချုပ်ရုံးမိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲ

နေပြည်တော် ဇူလိုင် ၁၅

ရှေ့နေချုပ်ရုံး မိသားစု၏တတိယအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး၌ ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင်နှင့်ဇနီး ဒေါ်ခင်မြမြတို့အား အမှူးထား၍ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်နှင့်ဇနီးတို့ ဦးဆောင်သော အရာထမ်း၊ ဝန်ထမ်း မိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုအား ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါလှူဒါန်းပွဲသို့ နေပြည်တော် ပျဉ်းမနားအင်ကြင်းတောင်ဆရာတော် ဘဒ္ဒန္တအာဒိစ္စအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ရှေ့နေချုပ်ရုံးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။ **(သတင်းစဉ်)**

16-7 (09).pmd 1 7/17/2008, 2:39 AM

ရသမျိုးစုံ၊ အရောင်အသွေးမျိုးစုံ မြင်ကွင်းများ ခံစားရမည့် (၆)ကြိမ်မြောက် တောင်ဥက္ကလာပမြို့နယ် ပန်းချီ၊ ပန်းပုပြပွဲ

အနုပညာမြင်ကွင်း-မိုးမြင့်လင်းလက် ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-သန်းဇော်

ရန်ကုန် ဇူလိုင် ၁၅

ပန်းချီအနုပညာတန်ဖိုးဆိုတာ ခံစားသူရဲ့ အပေါ်မှာ မူတည်တာမို့ ခံစားမှုနက်ရှိုင်းလေ ငွေကြေးတန်ဖိုးပမာဏ တွက်ချက်လို့ မရလေပါပဲ။ ဒါကြောင့် ပန်းချီကားကောင်း တစ်ချပ်ဟာ ခံစားသူရဲ့စိတ်ကို နက်နက်ရှိုင်းရှိုင်း ရသ မြောက်အောင် ပေးစွမ်းနိုင်ရင် အဲဒီ ပန်းချီကားဟာ တန်းဝင်ပန်းချီကား တစ်ချပ်လို့ သတ်မှတ်ရမှာ ဖြစ်ပါ တယ်။

ခင်းကျင်းပြသ

ဒီလိုပန်းချီကားမျိုးတွေကိုစုစည်းပြီး(၆)ကြိမ်မြောက် တောင်ဥက္ကလာပမြို့နယ် ပန်းချီ၊ ပန်းပုပြပွဲလို့ အမည်ပေး ထားတဲ့ ပန်းချီ၊ ပန်းပုပြပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းမှာရှိတဲ့ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင် များ အစည်းအရုံး (ဗဟို) ပြခန်းမှာ ဇူလိုင် ၁၅ ရက်မှ ၂၃ရက်အထိ ခင်းကျင်းပြသထားတာမို့ လေ့လာရေး တစ်ခေါက် ရောက်ဖြစ်ခဲ့ပါတယ်။

"ဒီပန်းချီပြပွဲမှာ ပန်းချီကား ၁၂၆ ကားနဲ့ ပန်းပု ရုပ်တုလေးခုကို ပါဝင်ပြသထားပြီး ရေဆေး၊ ဆီဆေး၊

ကိုဇော်ဝင်း၏ ပလတ်စတာဖြင့် ပြုလုပ်ထားသည့် 'နွဲ့နှောင်းဟန်ချီကိန္နရီ' ရုပ်တုကလည်း သက်ဝင်လှုပ်ရှားနေသကဲ့သို့…။

အခရိုင်းလစ်၊ ပိုစတာ ကာလာ၊ ဖယောင်းပန်းချီကားတွေ ခင်းကျင်းပြသထားပါတယ်။ ဒီလိုပန်းချီပြပွဲ ကျင်းပရတာ ကတော့ ပန်းချီ၊ ပန်းပု အနုပညာတွေကို ကျွန်တော် တို့နဲ့အတူ ပြည်သူတွေ မျှဝေခံစားစေချင်လို့ပါ။ ပြီးတော့ ပန်းချီအနုပညာကို ပြည်သူတွေအကြား ပြန့်ပွားစေချင် လို့ပါ"လို့ ပန်းချီပြပွဲတာဝန်ခံ ပန်းချီဆရာ နီပိုဦးက ပြောပြပါတယ်။

ဒီပန်းချီပြပွဲမှာ နီပိုဦးရဲ့ **'အက'** လို့ အမည်ပေး ထားတဲ့ မင်းသမီးတစ်ဦးရဲ့ မြန်မာအက ပန်းချီကားက ရေဆေးပန်းချီဖြစ်ပါတယ်။ ခေါင်း၊ ခါး၊ ခြေ၊ လက်တွေ ကို စနစ်တကျ ဟန်ချက်ညီအောင် အဝါ၊ အနီ၊ အပြာ ရောင်တွေကို အဓိကထားပြီး အရောင်၊ အနုအရင့်၊ အလင်းအမှောင်တွေကို သေသပ်တဲ့စုတ်ချက်တွေနဲ့ ပုံဖော် ထားတာမို့ မင်းသမီးရဲ့ ရုပ်လုံးက ကြွနေပါတယ်။ မြန်မာ့ ရိုးရာ ယဉ်ကျေးမှုကို ထိန်းသိမ်းမြတ်နိုးတဲ့ မြန်မာ မင်းသမီးတစ်ဦးအဖြစ် ပီပီပြင်ပြင် မြင်တွေ့ရပါတယ်။

"မြန်မာတို့ရဲ့ အနုပညာအလှကို ပြသချင်လို့ ဒီပန်းချီကားကိုရေးဆွဲခြင်း ဖြစ်ပါတယ်"လို့ ပြောပြတဲ့ ပန်းချီဆရာလှိုင်ဝမ်းရဲ့ **'ဒေသဂီရိနဲ့ မယ်သီတာ'** လို့ အမည်ပေးထားတဲ့ အခရိုင်းလစ်နဲ့ရေးဆွဲထားတဲ့ ပန်းချီ ကား ကတော့ မယ်သီတာကိုချစ်ခွင့်ပန်နေတဲ့ ဒေသဂီရိနဲ့ မယ်သီတာတို့ရဲ့ လှုပ်ရှားမှုပုံရိပ်ကို အရောင်အား ကောင်းကောင်းနဲ့ စုတ်ချက်ပိုင်ပိုင် ရေးဆွဲထားတာ ဖြစ်ပါတယ်။ ကြမ်းတမ်းတဲ့ ဒေသဂီရိကို အနီရောင်၊ မယ်သီတာကို ခရမ်းရောင် ဖျော့ဖျော့တွေလွှမ်းပြီး ရေးဆွဲ ထားတာဟာ အသက်ဝင်လှပါတယ်။

နောက်ထပ်စိတ်ဝင်စားစရာကောင်းတဲ့ ရုပ်ပုံကတော့ **'နွဲ့နှောင်းဟန်ချီ ကိန္နရီ'**လို့ အမည်ပေးထားတဲ့ ပလတ် စတာရုပ်တုဖြစ်ပါတယ်။ အမြင့်၃၉လက်မရှိပြီး အဖြူရောင် လွှမ်းနေတဲ့ကိန္နရီရုပ်တုလေးဟာ အနုစိတ်အရေးအကြောင်း လေးတွေကအစ ပုံစံသွင်းထားတာမို့ တကယ့်အသက်ဝင် လှုပ်ရှားနေတဲ့ ကိန္နရီလေးလို ဖြစ်နေပါတယ်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနယ်ပယ်မှာ မင်္ဂလာရှိတဲ့ ကိန္နရီရုပ်တုလေးကို မြင်တွေ့ရတာဟာ ကျက်သရေရှိလှပါတယ်။

ပုဂံဘုရား

ဒီပန်းချီပြပွဲမှာ ထူးခြားတာကတော့ ဖူးပွင့်စ ပန်းချီ အနုပညာ ပန်းပွင့်လေးတွေဖြစ်တဲ့ လူငယ်လေးတွေရဲ့ လက်ရာတွေ ပါဝင်ပြသထားခြင်း ဖြစ်ပါတယ်။ မြန်မာ့ ယဉ်ကျေးမှုအမွေပုဂံမြေရဲ့ ရှုခင်းကို ဖော်ပြချင်လို့ပါဆိုတဲ့ အသက်၁၃နှစ်သာရှိသေးတဲ့ ကောင်းထက်ကျော်ရဲ့ **'ပုဂံဘုရား'**လို့ အမည်ပေးထားတဲ့ ရေဆေးပန်းချီကားကတော့ ပုဂံမှာရှိတဲ့ အာနန္ဒာဘုရားကို အဝေးက လှမ်းမြင်ရတဲ့ မြင်ကွင်းဖြစ်ပါတယ်။ ပုဂံရဲ့ရှုခင်းအလှ၊တောင်တန်းပြာတွေ နောက်ခံထားပြီး အာနန္ဒာဘုရားကို အအေးရောင်တွေနဲ့ အားပြုရေးဆွဲထားတာမို့ လူငယ်တစ်ဦးရဲ့ လက်ရာပါလို့ ပြောလို့မရအောင် ရှုမငြီးစရာ၊ ကြည်ညိုဖူးမြော်စရာ ကောင်းတဲ့ အာနန္ဒာဘုရားကို မြင်တွေ့ရပါတယ်။ ကောင်း ထက်ကျော်ဟာ ပန်းချီနဲ့ပတ်သက်ပြီး ပြည်တွင်း ပြည်ပ ဆုတံဆိပ်စဝခန့် ရရှိထားသူ ဖြစ်ပါတယ်။

သဘာဝကျ

"သဘာဝအတိုင်း အနီးစပ်ဆုံးဖြစ်အောင် ရေးဆွဲ ထားပါတယ်"လို့ ပြောတဲ့ အသက်၁၃နှစ်အရွယ်ပဲရှိတဲ့ ပန်းချီအနုပညာရှင်လေး လဲ့လဲ့ရီရဲ့ **'ကြာပန်း'**လို့ အမည် ပေးထားတဲ့ ပန်းချီကားက ပိုစတာကာလာနဲ့ ရေးဆွဲ ထားတာ ဖြစ်ပါတယ်။ ပန်းချီကားမှာ အဖြူ၊ အနီ၊ အစိမ်းရောင်တွေကို အားကောင်းကောင်းနဲ့ သုံးထားတာမို့ ကြာပန်း၊ ကြာရွက်တွေရဲ့ သဘာဝကျတဲ့ လှပမှုဟာ ပေါ်လွင်နေပါတယ်။

ကွယ်လွန်သွားပြီးဖြစ်တဲ့ ပန်းချီဆရာကြီး ဦးသိန်းဟံ ရဲ့လက်ရာ ပန်းချီကားတစ်ချပ်ကိုလည်း ဒီနေ့ခေတ် လူငယ်တွေ လေ့လာနိုင်အောင်လို့ ပြသထားတာ တွေ့ရ ပါတယ်။ **ဒီပန်းချီပြပွဲဟာ ရေဆေး၊ဆီဆေး၊အခရိုင်းလစ်၊ မစ်မီဒီယာ၊ ပလတ်စတာ၊ ကြေးသွန်း၊ ဖိုင်ဘာဂလပ်စ် စတဲ့ အနုပညာဖော်ညွှန်းမှု နည်းပေါင်းစုံနဲ့ ရသစုံ ပေးနိုင် စွမ်းရှိတဲ့ ပန်းချီပြပွဲတစ်ရပ်ဖြစ်ပါကြောင်း** အနုပညာ မြင်ကွင်းအဖြစ် ရေးသားဖော်ပြလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

ပန်းချီဆရာ နီပိုဦး၏ 'အက'ဟု အမည်ပေးထားသည့် ရေဆေးပန်းချီကားမှာလည်း ဤသို့ ပီပီပြင်ပြင်။

'ကြာပန်း'ဟု အမည်ပေးထားသည့် ပန်းချီပညာရှင် လဲ့လဲ့ရီ၏ ပန်းချီကားမှာ သဘာဝကျလှသည်။

ဒီပန်းချီပြပွဲဟာ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ မစ်မီဒီယာ၊ ပလတ်စတာ၊ ကြေးသွန်း၊ ဖိုင်ဘာဂလပ်စ်စတဲ့ အနုပညာဖော်ညွှန်းမှု နည်းပေါင်းစုံနဲ့ ရသစုံပေးနိုင်စွမ်းရှိတဲ့ ပန်းချီပြပွဲ တစ်ရပ်ဖြစ်ပါကြောင်း။

ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁၅

လှိုင်သာယာ ပဒေသာပင်ရိပ်သာကျောင်း

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ပဒေသာပင်မြို့တော် F. M. I City ကန်သာယာလမ်းရှိ F. M. I City ရိပ်သာ ကျောင်း၌ ဝါကပ်တော်မူကြမည့် သံဃာတော်များနှင့် ပင့်သံဃာ တော်တို့အား (ဒုတိယအကြိမ်) ဝါဆိုသင်္ကန်း စုပေါင်းဆက်ကပ် လှူဒါန်းပွဲကို ကွမ်းခြံကုန်းမြို့နေ ဦးအောင်ရှိန်-ဒေါ်ထွေးကြည် မိသားစုတို့က မတည်၍ ဒါယကာ၊ ဒါယိကာမများနှင့် စေတနာ ရှင် ကုသိုလ်ရှင်များက ဝါဆိုလပြည့် (ဇူလိုင် ၁၇ရက်) ကြာသ ပတေးနေ့ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင် အသီးသီးအား ဖိတ်ကြားထားသည်။ လှူဒါန်းလိုသူများသည် လှိုင်သာယာ ပဒေသာပင်ရိပ်သာကျောင်း အမှုဆောင်အဖွဲ့ ဖုန်း- ၆၈၇၆၃၀ နှင့် ၀၉-၅၁-၄၁၇၃၁တို့သို့ ဆက်သွယ် လှူဒါန်းနိုင် ကြောင်း သိရသည်။

ရွှေမင်းဝံ သာသနာရိပ်သာများ

သာယာကုန်းကျေးရွာအုပ်စု စာသူငယ်ကျေးရွာ ပဲခူးမြို့နယ် ပဲခူးတိုင်း သောဘနာရာမ ရွှေမင်းဝံသာသနာရိပ်သာတွင် (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဇူလိုင် ၂၀ ရက် (ဝါဆိုလပြည့်ကျော် ၃ ရက်) တနင်္ဂနွေနေ့ ယင်းရိပ်သာရှိ ရှမ်းလေးမဟာဓမ္မာဗိမာန် အပေါ်ထပ်တွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ အမှတ် ၇၀ သာသနာရိပ်သာလမ်း အလယ်ရွှေဂုံတိုင် ရပ်ကွက် ဗဟန်းမြို့နယ်ရှိ ရွှေမင်းဝံသာသနာရိပ်သာတွင် (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဇူလိုင် ၂၇ ရက် (ဝါဆိုလပြည့်ကျော် ၁၀ ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် မဟာဓမ္မဗိမာန် အပေါ်ထပ်၌ အလှူရှင်များကိုယ်တိုင် ကပ်လှူ နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

မအူကုန်းဓမ္မာရုံ

တာမွေမြို့နယ် မအူကုန်းရပ်ကွက် ဓမ္မာရုံစောင့်ရှောက်ရေး အသင်းက ကြီးမှူးကျင်းပသည့် (၁၈)ကြိမ်မြောက် စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲကို (ဝါဆိုလပြည့်နေ့) ဇူလိုင် ၁၇ရက် နံနက် ၉ နာရီတွင် အမှတ်(၄၃) ၁၃စလမ်းရှိ မအူကုန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ တာမွေမြို့နယ် မင်္ဂလာသုခပါဠိတက္ကသိုလ် ကျောင်းတိုက်မှ ပဓာန နာယကဆရာတော်များ ဖြစ်ကြသော ဘဒ္ဒန္တဉာဏမဥ္ဇူ(အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တနန္ဒဝံသ (အဂ္ဂမဟာ ပဏ္ဍိတ)နှင့် ဘဒ္ဒန္တကုန္ဒက(မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ) ဆရာတော်များ အမှူးပြုသည့် ပင့်သံဃာတော် အရှင်သူမြတ် များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဟု သိရသည်။

ကနေ့ဘလူအသင်း(ရန်ကုန်)

ကနေ့ဘလူအသင်း(ရန်ကုန်)၏ ရှစ်ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ နှစ်ပတ် လည် အစည်းအဝေးကို ဩဂုတ် ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ဗဟန်း ရွှေတိဂုံစေတီအရှေ့ဘက်မုခ် ကြားတောရ လမ်း ကုန်သွယ်လယ်ယာဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

အသင်းသူ အသင်းသားများ၊ ရန်ကုန်ရောက် ကနေ့ဘလူ မြို့နယ်သူ မြို့နယ်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြည်ညိုကြရန်နှင့် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ၊ သီးသန့်ဆွမ်းအလှူရှင်နှင့် ဧည့်ခံကျွေးမွေးလို သူများ၊ အသင်းဝင်များ၏ (၇၅)နှစ်နှင့်အထက် မိဘများ၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြ သော အသင်းဝင်များ၏ သားသမီးများသည် ဥက္ကဋ္ဌဦးသောင်း စိန် ဖုန်း-၂၂၃၅၈၇၊ ၅၄၂၆၈၄၊ အတွင်းရေးမှူး ဦးမြင့်တင် ဖုန်း-၀၉-၅၁-၃၂၁၁၇ နှင့် တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီး မောင်(ငြိမ်း) ဖုန်း-၆၁၁၁၄၁ တို့သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ

ပဏ္ဍိတာရာမရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ကျေးဇူး တော်ရှင် မဟာစည်ဆရာတော်ကြီး စံလွန်သည့် (၂၆)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၆ရက် (စနေနေ့) နံနက် ၈ နာရီတွင် ပဲခူးတိုင်း အင်းတကော်မြို့နယ် သဲဖြူကျောင်းချောင်းကျေးရွာ၌လည်းကောင်း၊ ဇူလိုင် ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ် ၈၀/က ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌လည်းကောင်း ပြုလုပ်မည်ဖြစ်ရာ အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် ဝါဆိုသင်္ကန်းဒွိစုံတစ်စုံလျှင် ကျပ် ၃၀၀၀ နှုန်း၊ ဆွမ်းအလှူ တစ်ပါးလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဖုန်း-၅၃၅၄၄၈၊ ၇၀၅၅၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းမိသားစုများ ဝါဆိုသင်္ကန်းကပ်လှူ

နေပြည်တော် ဇူလိုင် ၁၅

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် ဇနီး ဒေါ်မြမြစိန်တို့အား အမှူးထား၍ စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး စုစည်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ပျဉ်းမနား ရတနာဘုမ္မိသာရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစာရထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ဘုရားကြီးကျောင်းတိုက် ပဓာန နာယကဆရာတော် တိုင်းသံဃာ့ဝန်ဆောင် သာသနဓဇ မဏ္ဍာစရိယ ဘဒ္ဒန္တပန္နဝနှင့် ရတနာဘုမ္မိသာရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစာရတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော်ပျဉ်းမနား ဘုရားကြီးကျောင်းတိုက် ပဓာန နာယကဆရာတော်က အနုမောဒနာတရားနှင့် ရေစက်ချ တရားချီးမြှင့်ပြီး စာရင်းစစ်ချုပ်နှင့် တက်ရောက်လာကြသူများက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မနုတိုင်းရင်းသား မိသားစုအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၅

မနုတိုင်းရင်းသား မိသားစုအသင်း (ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲ အဌမအကြိမ် စုပေါင်းဝါဆိုမြတ်သင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် မနုတိုင်းရင်းသား မဏ္ဍာရုံ၌ ကျင်းပမည် ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ အသင်းဝင်များနှင့် မနုတိုင်းရင်းသား မြို့နယ်သူ မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဝါဆိုမြတ်သင်္ကန်း တစ်စုံလျှင် ကျပ် ၅၀၀၀နှုန်းဖြင့် ကြား တောရလမ်းနှင့် ရေတာရှည်လမ်းထောင့် မြို့မရပ် ဗဟန်းမြို့နယ် ဖုန်း-၃၈၃၇၃၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၂၇)ထွက်ရှိ

ရန်ကုန် ဇူလိုင် ၁၅

"ကမ္ဘာတည်သရွေ့မှာ မေ့မရသော အာဇာနည်နေ့ပါ" (၆၁)နှစ်ပြည့် အာဇာနည်နေ့ အမှတ်တရအဖြစ် သခင်ဟောင်းကြီးများ၊ စာရေးဆရာ၊ သတင်းစာ ဆရာများနှင့် သမိုင်းပညာရှင်တို့၏ အာဇာနည်များအပေါ် ထင်မြင်သုံးသပ်ချက်များ၊ "ကျော်ဟိန်း(သို့မဟုတ်) ဘာမှမရှိခြင်းများကို ပိုင်ဆိုင်ချင်သူ" ရာသက်ပန် ရဟန်း ဝတ်တော့မည့် အစီအစဉ်နှင့်ပတ်သက်၍ မင်းသားကြီးကျော်ဟိန်းနှင့် တွေ့ဆုံ မေးမြန်းခြင်း စသည့်အကြောင်းခြင်းရာ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၂၇) ယခုတစ်ပတ် ထွက်ရှိလာသည်။

ကဏ္ဍစုံလင်စွာ

ထို့အပြင် ဓနုဖြူမြို့နယ်ရှိ ရွှေဂူကျောင်းတိုက်ဆရာတော် ခန္တာဝန်ချရာ၌ ထူးခြားချက်များ ဖြစ်ပေါ်၊ နေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် နေရောင်ခြည်တိုင်း မျှော်စင်များ စတင်ဆောက်လုပ်၊ နေပြည်တော် မြန်မာ့အသံ၏ လေဘေးစာနာပြန်ကြားလွှာကဏ္ဍကြောင့် ပြန်လည်ဆုံတွေ့ကြသူ ၂၀ ရှိ၊ မြန်မာနှင့် ထိုင်း သဘာဝဘေးအန္တရာယ်သတိပေးကွန်ရက်စနစ်ထူထောင်ရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းမည်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ၇၄၇ လေယာဉ်ကြီးများ ကုန်အပြည့်ဖြင့် ဆင်းနိုင်ပြီ၊ နိုင်ငံတကာအဆင့်မီ နို့စားနွားမွေးမြူရေးခြံ သြစတြေးလျ အကူအညီဖြင့် နေပြည်တော်တွင် တည်ဆောက်မည်၊ အခြောက်နည်းစနစ်သုံး ဘိလပ် မြေစက်ရုံ ကမ္ဘောဇကုမ္ပဏီက တည်ဆောက်မည်၊ တစ်ပတ်အတွင်း ကားဈေးကွက် အခြေအနေ၊ ပြည်တွင်း မှုခင်းရေးရာသတင်းများ၊ ပြောရေးဆိုခွင့် ရပ်ကွက်မှ "လူငယ်နှင့် ဘာသာတရား"အကြောင်း စသည့် ပြည်တွင်းရေးရာသတင်းများနှင့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာကဏ္ဍ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ရေ အခြေအနေ

နေပြည်တော် ဇူလိုင် ၁၅

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယမန်နေ့ မွန်းလွဲပိုင်းမှစ၍ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းသွားပြီဖြစ်သည်။ အဆိုပါ မြစ်ရေသည် မော်လိုက်မြို့တွင်နောက်နှစ်ရက်အတွင်း၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် နောက် ၂၄နာရီအတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်များအောက်သို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် တစ်နာရီလျှင် ၁စင်တီမီတာ နှုန်းခန့်ဖြင့်ကျဆင်းနေပြီး နောက်၂၄နာရီအတွင်း ညောင်ဦးမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင်စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်ထပ် စင်တီမီတာ ၃၀ (တစ်ပေခန့်)သာ မြင့်တက်လာနိုင်ကာ ဇူလိုင် ၁၈ရက်မှစ၍ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်း ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် ဇူလိုင် ၁၅

ဇူလိုင် ၂၀ရက်မှ ၂၂ရက်အထိ ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်း အထက် အမြင့်ပေ ၂၀ဒသမ ၂ပေခန့်မှ ၂၀ဒသမ ၃ပေခန့်အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၀၆၊ ၂၀၀၇ခုနှစ်များကလည်း ရန်ကုန်မြစ် အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ဒသမ ၇ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်စရာမရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် ၅၁ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီး ဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ **(အပေါ်ပုံ)** မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ဗဟိုလေ့ကျင့်ရေး ကျောင်း၌ ဖွင့်လှစ်လျက်ရှိသည့် စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၂၈)မှ သင်တန်းသူ ၂၅ဦး၊ အဆင့်မြင့်အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၈)မှ သင်တန်းသူ ၁၆ဦး၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းအမှတ်စဉ်(၅)မှ သင်တန်းသူ၂၁ဦး၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၅၄/၅၅)မှ သင်တန်းသူ ၈၉ဦးနှင့် ဝန်ထမ်းမိသားစု များအပါအဝင် ပြည်နယ်နှင့်တိုင်းအသီးသီးမှ တိုင်းရင်းသူအင်အား ၂၂၂ဦး တက်ရောက် ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ချင်းပြည်နယ် ဒေသစည်းရုံးရေးမှူး ပါမောက္ခ ဒေါ်ရှိန်းပိုင်က 'မြတ်နိုးဖွယ်ရာ မြန်မာအမျိုးသမီး ကျင့်ဝတ်အဖြာဖြာ' ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ကြည့်ရှုအားပေး

ဟောပြောပွဲများ အပြီးတွင် အခမ်းအနားသို့ တက်ရောက်လာသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် အဆင့်မြင့်အိမ်တွင်းမှုသင်တန်းသူများ၏ စက်ချုပ်ဘာသာရပ် လက်တွေ့ချုပ်လုပ်နေမှုများ၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းသူများ၏ ကြိမ်ဘာသာရပ် လက်တွေ့သင်ယူမှုများ၊ ဝါးဘာသာရပ် လက်တွေ့သင်ယူမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဟော့ပိတ်သတင်း

တရုတ်၌ မိုးသည်းထန်ပြီး ရေလွှမ်း

ပေကျင်း ဇူလိုင် ၁၅

တရုတ်နိုင်ငံ ကွမ်စီကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဇူလိုင် ၁၅ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူ ၃၆၀၀၀၀ခန့် ရေဘေးဒုက္ခနှင့် ကြုံတွေ့ခဲ့ရကြောင်း တရုတ်နိုင်ငံ မိုးလေဝသဗျူရိုမှ အရာရှိများက ပြောကြားသည်။

ရေလွှမ်းမှုကြောင့် ဒေသခံပြည်သူအများအပြား ရေဘေးကြုံတွေ့(အောက်ပုံ) ရသဖြင့် ကယ်ဆယ်ရေးအဖွဲ့များက ဘေးကင်းရာသို့ရွှေ့ပြောင်းပေးနေရကြောင်း သိရသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တမံတစ်ခုကျိုးပေါက်သွားခဲ့သည်။

ဆည်ကျိုးပေါက်မှုကြောင့် ကောက်ပဲသီးနှံများ ဆုံးရှုံးမှုမှာ ကောက်ပဲသီးနှံ တန်ချိန် ရာပေါင်းများစွာရှိကြောင်း သိရသည်။

ဂရိအရှေ့တောင်ပိုင်း၌ အင်အားပြင်းငလျင်လှုပ် တစ်ဦးသေဆုံး၊ အဆောက်အအုံများ ပျက်စီး

အေသင် ဇူလိုင် ၁၅

ဂရိနိုင်ငံအရှေ့တောင်ပိုင်း ဟိုဒတ်စ်ကျွန်းကမ်းလွန်တွင် ဇူလိုင် ၁၅ရက် နံနက်က အင်အားရစ်ချ်တာစကေး ၆ဒသမ ၃ရှိ ငလျင်လှုပ်သွားကြောင်း ဂရိနိုင်ငံ အမျိုးသား ငလျင်ဗျူရိုက သတင်းထုတ်ပြန်သည်။ အဆိုပါငလျင်လှုပ်မှုကြောင့် ဟိုဒတ်စ်ကျွန်း၌ နေအိမ်ပြိုကျပြီး အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း၊ အဆောက်အအုံအချို့ ပျက်စီး ခဲ့ကြောင်း**(အောက်ပုံ)** ၄င်းသတင်း၌ ဖော်ပြသည်။

ကိုလံဘီယာအလယ်ပိုင်း၌ မြေပြို၊ လေးဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

ဘိုဂိုတာ ဇူလိုင် ၁၅

ကိုလံဘီယာနိုင်ငံအလယ်ပိုင်း ဗီလာဗီစင်စီရိုမြို့ပြင်၌ ဇူလိုင် ၁၅ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ကိုလံဘီယာနိုင်ငံ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားမှုမှာ ဗီလာဗီစင်စီရိုမြို့ပြင်ရှိ တောင်ခြေလမ်းတစ်လမ်းတွင် မောင်းနှင်လာသော ဘတ်စ်ကားတစ်စီးပေါ်သို့ တောင်ပေါ်မှ မြေကြီးနှင့် ကျောက်တုံးများ ပြိုကျခဲ့မှုကြောင့် ဘတ်စ်ကားပေါ်မှ ခရီးသည်များ သေဆုံး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးအဖွဲ့များက ဘတ်စ်ကားပေါ် ဖုံးလွှမ်းနေသော မြေကြီးခဲများကို ဖယ်ရှားပေးခဲ့ပြီး ဒဏ်ရာရရှိသူများအား ဆေးရုံသို့တင်ပို့ကုသပေးခဲ့သည်။ ထိုသို့ မြေပြိုကျမှုမှာ မကြာမီရက်များက မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း မိုးလေဝသ သတင်း

သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားနည်း ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေ

ရန်ကုန် ဇူလိုင် ၁၅

ဇူလိုင် ၁၄ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသအခြေအနေကို ဆန်းစစ်ကြည့်ပါလျှင် အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ် အရှေ့ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခြင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့၌ လေပြင်းတိုက်ခတ်၍ မိုးရွာခြင်းများဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

ဇူလိုင် ၁၅ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာခဲ့ပြီး ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာကျဲကျဲ မိုးရွာခဲ့သည်။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး မကွေးတိုင်း၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ရန်ကုန်မြို့တွင် နေသာချိန်များပြီး နေရာစိပ်စိပ် မိုးရွာခဲ့သည်။

ဇူလိုင် ၁၅ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်	၁ဒသမ ၀၂လက်မ	**စစ်တွေ**	၃ဒသမ ၁၁လက်မ
ခန္တီး	၃ဒသမ ၆၆လက်မ	**ပူတာအို**	၂ဒသမ ၂၁လက်မ
မြစ်ကြီးနား	၃ဒသမ ၁၅လက်မ	**ဘားအံ**	၂ဒသမ ၀၀လက်မ

ဇူလိုင် ၁၆ရက် **(ယနေ့)** ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာနိုင်သည်။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇူလိုင် ၁၆ရက် **(ယနေ့)** နေပြည်တော်နှင့်အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည် ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်မူ တိမ်အသင့်အတင့် ဖြစ်ထွန်းနေမည် ဖြစ်သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားနည်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းလျက်ရှိသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက် လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသအခြေအနေကို ဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဗီဝဒီဇယ်ဆီထုတ်စက်ရုံနှင့် ဘိုင်အိုအီသနောလ်စက်ရုံသို့ သွားရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၁၅

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင်နှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ဇူလိုင် ၈ရက်က လားရှိုးမြို့ ဟိုပိတ်ကျေးရွာအနီး အမှတ်(၁)ကုန်းမြင့်ယာမြေရှိ နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်၏ ခြံစည်းရိုးကြက်ဆူဆီမှတစ်ဆင့် ဇီဝဒီဇယ်ဆီထုတ်လုပ်သည့် စက်ရုံသို့ရောက်ရှိပြီး စက်ရုံတွင် ယခင်နှစ်အတွင်း ထွက်ရှိခဲ့သော ခြံစည်းရိုးကြက်ဆူစေ့များကို ဇီဝဒီဇယ်ဆီချက်လုပ်ရန် အပူပေးအခြောက်ခံနေမှု၊ ဘိုင်အိုဒီဇယ်ဆီထုတ်လုပ်မှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုကြသည်။

သရုပ်ပြမောင်းနှင်

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ အမှတ်(၁)ကုန်းမြင့်ယာမြေ ဘက်စုံစံပြ စိုက်ခင်းအတွင်းရှိ ကြံမှတစ်ဆင့် ထုတ်လုပ်သော ဓာတ်ဆီအစားထိုး ဘိုင်အိုအီသနောလ် လောင်စာဆီထုတ်စက်ရုံ စီမံကိန်းသို့ ရောက်ရှိပြီး စက်ရုံ စီမံကိန်း ရှင်းလင်းဆောင်၍ ဓာတ်ဆီအစားထိုး ဘိုင်အိုအီသနောလ်လောင်စာဆီကို ကြံမှတစ်ဆင့် ထုတ်လုပ်ပုံအဆင့်ဆင့်၊ စက်ရုံမှထွက်ရှိသော ဘိုင်အိုအီသနောလ်ဖြင့် သုံးဘီးဆိုင်ကယ်၊ မော်တော်ဆိုင်ကယ်၊ မြင်းကောင်ရေ ၂၅ကောင်အားရှိ မီးစက်တို့ဖြင့် သရုပ်ပြမောင်းနှင်ခြင်းကို ကြည့်ရှုကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ဘိုင်အိုအီသနောလ်စက်ရုံအတွင်း ကြံကြိတ်စက်၊ ကြံရည်သိုလှောင်ကန်၊ စိမ်ရည်ဖောက်ကန်နှင့် ဘိုင်အိုအီသနောလ်ချက်ကော်လံတိုင်များ အဆင့်ဆင့်လည်ပတ်ပြီး ဓာတ်ဆီအစားထိုး လောင်စာဆီ ထွက်ရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်တို့ မောင်းတီးစေတီတော်၌ တင်လှူပူဇော်မည့် စိန်ဖူးတော်ကို ပင့်ဆောင်တင်လှူကြစဉ်။ (မြန်မာ့အလင်း)

တွံတေးမြို့နယ်၌ မုန်တိုင်းဒဏ်သင့် ဆံတော်ကြိုစေတီနှင့် မောင်းတီးစေတီတော်အား ရွှေထီးတော်တင်လှူပူဇော်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း တွံတေးမြို့နယ်ရှိ မုန်တိုင်းဒဏ်သင့် ဆံတော်ကြိုစေတီတော်၊ မောင်းတီးစေတီတော်နှင့် ကျိုက်တန်ခိုးထွတ်ခေါင်စေတီတော်တို့အား ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီက ဆံတော်ကြိုစေတီတော်ဓမ္မာရုံ၌ ကျင်းပသည်။

ကိုးပါးသီလ

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်း ဆရာတော် အဘိဓဇ အဂ္ဂမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တသြဘာသ ဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရ ဘိဝံသက အနုမောဒနာတရား မြွက်ကြားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် အလှူရှင် ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေမိသားစုတို့က စေတီတော်သုံးဆူတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်များနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တပညာဒီပထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

တင်လှူပူဇော်

ယင်းနောက် ဆရာတော်၊ သံဃာတော်များ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အလှူရှင် ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများက စိန်ဖူးတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်များကို ဆံတော်ကြိုစေတီတော်အား လက်ယာရစ် သုံးကြိမ် လှည့်လည်ပူဇော်ကြပြီး ဆံတော်ကြို စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မောင်းတီးစေတီ

ဆက်လက်၍ မောင်းတီးစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်များကို ဆရာတော်၊ သံဃာတော်များ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အလှူရှင် ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများက စေတီတော်အား လက်ယာရစ် သုံးကြိမ် လှည့်လည်ပူဇော်ကြပြီး မောင်းတီးစေတီတော် အထွတ်ပေါ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြသည်။

(မြန်မာ့အလင်း)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၁၅ရှိ တိပိဋကဓမ္မရက္ခိတ ဗိမာန်တော်ကြီးတွင် မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားရိပ်သာ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း လှိုင်သာယာ မြို့နယ် ရွှေရင်အေးဈေးလမ်း အမှတ် ၁၈နေ ဦးလွင်မိုး-ဒေါ်တင်လေးရီ၏ သမီးလေး ဆုရဝေလွင်မိုး (နှစ်)နှစ်ပြည့် မွေးနေ့အတွက် ငွေကျပ်တစ်သိန်းကို အဘွားဒေါ်တင်မြိုင်နှင့်ဒေါ်ခင်စန်းဝေတို့က ဥက္ကဋ္ဌ ဦးမြသောင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စည်းကမ်းနှင့် မညီညွတ်သော ဗီဒီယိုလုပ်ငန်း ဥပဒေနှင့်အညီ အရေးယူသွားမည်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ဗီဒီယိုထုတ်လုပ်ခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ ဗီဒီယိုတည်းဖြတ်ခြင်း၊ ဗီဒီယိုတိပ်ခွေ (ဗွီစီဒီ၊ ဒီဗွီဒီ) ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်းနှင့် ဗီဒီယိုပြသခြင်း (ရုံနှင့်ပြသခြင်း၊ ကာရာအိုကေ ခန်းမ-KTV၊ လက်ဖက်ရည်ဆိုင် ဗီဒီယိုပြသခြင်း၊ စားသောက်ဆိုင်တွင် ဗီဒီယိုပြသခြင်း)တို့နှင့် ပတ်သက်သော လုပ်ငန်းလုပ်ကိုင်သူများအား လုပ်ငန်းလိုင်စင်အမြန်ရယူရေး၊ သက်တမ်းလွန်လုပ်ငန်းလိုင်စင်ဖြင့်လုပ်ငန်းလုပ်ကိုင်ခြင်း မရှိစေရေးနှင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ရေးတို့အတွက် လုပ်ငန်းရှင်များအား အသိပေးရန် သက်ဆိုင်ရာမြို့နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီများ၊ မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲများမှတစ်ဆင့် အကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

သို့အတွက် ကွင်းဆင်းစစ်ဆေးသည့်အခါ လိုင်စင်မဲ့ သက်တမ်းလွန်နှင့်သတ်မှတ်စည်းကမ်းချက်နှင့် ညီညွတ်မှုမရှိသော လုပ်ငန်းများကို ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စင်ကာပူတွင် ကျင်းပသည့် နာဂစ်မုန်တိုင်းဒဏ်ခံရသူများအတွက် အာဆီယံ လူသားချင်းစာနာမှု အထောက်အကူပေးရေးပင်မအဖွဲ့ အစည်းအဝေး သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးကျော်သူ တက်ရောက်ခဲ့

ရန်ကုန် ဇူလိုင် ၁၅

သုံးပွင့်ဆိုင် ဗဟိုအဖွဲ့၏ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်၏ ဖိတ်ကြားချက်အရ ဇူလိုင် ၁၂ရက်နှင့် ၁၃ ရက်တွင် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် မြန်မာနိုင်ငံ နာဂစ်မုန်တိုင်းဒဏ်ခံရသူများအတွက် အာဆီယံ လူသားချင်းစာနာမှု အထောက်အကူပေးရေး ပင်မအဖွဲ့၏ စတုတ္ထအကြိမ် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ (ယာပုံ)

အစီရင်ခံစာကို ဥက္ကဋ္ဌဖြစ်သည့် ဒုတိယဝန်ကြီးဦးကျော်သူက တင်သွင်းသည်။

ရောက်ရှိ

ဒုတိယဝန်ကြီး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၁ ရက်တွင် လေကြောင်းခရီးဖြင့် ည ၉နာရီတွင် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့သို့ ရောက်ရှိသည်။

အစီရင်ခံစာတင်သွင်း

ဒုတိယဝန်ကြီး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၂ရက်တွင် စင်ကာပူမြို့ ဂရင်းဟိုင်းရတ်၌ ကျင်းပသည့် မြန်မာနိုင်ငံ နာဂစ်မုန်တိုင်းဒဏ်ခံရသူများအတွက် အာဆီယံလူသားချင်း စာနာမှုအထောက်အကူပေးရေး ပင်မအဖွဲ့၏ စတုတ္ထအကြိမ်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏

တက်ရောက်ခဲ့

ဒုတိယဝန်ကြီးခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၃ ရက်တွင် မြန်မာနိုင်ငံနာဂစ်မုန်တိုင်းဒဏ်ခံရသူများအတွက် အာဆီယံလူသားချင်း စာနာထောက်ထားမှု အထောက်အကူပေးရေး ပင်မအဖွဲ့၏ စတုတ္ထအကြိမ် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ပြန်လည်လိုက်ပါ

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၄ရက်တွင် စင်ကာပူသမ္မတနိုင်ငံမှ ထွက်ခွာလာရာ နံနက် ၉နာရီ မိနစ် ၂၀တွင် ပြန်လည်ရောက်ရှိခဲ့သည်။ ဒုတိယဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနမှ ဌာနစုမှူး(၁) ဒေါ်နီလာအောင်လည်း ပြန်လည်လိုက်ပါလာကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၀၈ ခုနှစ် ဇွန်လတွင် ဖမ်းဆီးရမိခဲ့သော မူးယစ်ဆေးဝါးအမှုများ

နေပြည်တော် ဇူလိုင် ၁၅

၂၀၀၈ခုနှစ် ဇွန်လတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါးအမှုပေါင်း ၁၉၂မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း၃၈မှု အလေးချိန် ၉၇ ဒသမ ၇၄၉၉ကီလို၊ ဘိန်းဖြူ ၆၈မှု အလေးချိန် ၂ဒသမ၅၅၅၁ကီလို၊ ဘိန်းဆီ ၁၁မှု အလေးချိန် ဒသမ ၃၆၄၅ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၇မှု အလေးချိန်၁၈ဒသမ၇၁၇၁ကီလို၊ ဆေးခြောက် ၁၁မှု အလေးချိန် ၂ဒသမ၃၉၁ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၂မှု ၁၆၀၈၂ပြား၊ ဘိန်းစာမှုန့် ခြောက်မှု အလေးချိန် ၄ဒသမ၆၇၉ ကီလို၊ စိတ်ကြွဆေးမှုန့် အလေးချိန် ဒသမ၀၀၁၃ကီလို၊ ထရာမဒေါလ်ဆေးတောင့် ၁၃တောင့်၊ ဓာတုဆေးမှုန့်တစ်မှု အလေးချိန် ၉၅၄ဒသမ ၅ကီလို၊ ဓာတုဆေးရည် အလေးချိန် ၂၂၀လစ်တာ၊ မှတ်ပုံတင်ပျက် နှစ်မှုနှင့် အခြားအမှု ခြောက်မှု ဖမ်းဆီးရရှိခဲ့သည်။

အရေးယူ

၂၀၀၈ခုနှစ် ဇွန်လတွင် အမှုပေါင်း ၁၉၂မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား၂၆၅ဦး၊ မ၆၄ဦး စုစုပေါင်း တရားခံ ၃၂၉ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

လှိုင်မြို့နယ် (၁၆) ရပ်ကွက်နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇူလိုင် ၈ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်း အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

KMD
Since 1986
LCCI Accounting Course
For 2009 April Exam Series
Level I + II (Book-keeping & Accounts)
1 August 2008 (Wed, Thur, Fri)
5:00 to 6:30 pm
Duration (5) Months

Diploma in Financial Management Level I
MHR, Room (905), Thanzay Condo, Lanmadaw Street.
Ph : 216168, 395802, 707822, 09510 3747, 09504 5551, 09516 0063.

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ရွာသာကျေးရွာနေ
ဦးတင်ထွန်း-ဒေါ်စောရွှေတို့၏သား

မောင်ဝင်းလွင် B.A (History)

နှင့်

မကွေးတိုင်း၊ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာနေ
ဦးလုံး-ဒေါ်လှညိုတို့၏သမီး

မထက်ထက် (ခ) ညိုညိုမြင့်

၁၃-၇-၂၀၀၈ရက်တွင် ဂုဏ်သရေရှိ လူကြီးမင်းတို့၏ ရှေ့မှောက်၌ နှစ်ဦးသဘောတူ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ဝင်းလွင်-မထက်ထက်။

15% off
Free Size
T-Shirt = 555 Kyats

သီရိဂုဏ်ဝေဓမ္မဗိမာန်ကျောင်း ပြန်လည်ပြုပြင်ရန်ငွေများလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၅

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၁) စစ်မှုထမ်းဟောင်းစံပြကျေးရွာ (လေးဒေါင့်ကန်) သီရိဂုဏ်ဝေဓမ္မဗိမာန်ကျောင်းတိုက်တွင် လေဘေးဒဏ်သင့်သွားသော ဆွမ်းစားကျောင်းအမိုး၊ ဘုရားစောင်းတန်းအမိုး၊ မုခ်ဦးအထွတ်တို့ကိုပြန်လည်ပြုပြင်နိုင်ရန်နှင့် ဆောက်လုပ်ဆဲ မဟာထေရ်စံကျောင်းတော်အတွက် သန်မြန်သူလုပ်ငန်းစုအသင်း(ရန်ကုန်)က ဖွန့်လ အလှူငွေကျပ် ၁၀သိန်း၊ ဦးထင်အောင်မိသားစု(ခေတ္တအမေရိက)က ငွေကျပ်တစ်သိန်း၊ ဒေါ်မြနှင်း အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြရွာ ၄/၄/၄-မိသားစုက ငွေကျပ်တစ်သိန်း၊ ဗိုလ်ကြီးလှရွှေ(ငြိမ်း)-ဒေါ်သင်းစိန်၊ ၂/၅/၅မိသားစုက ကျပ်တစ်သိန်းကို အရှင်ပညာသီဟာဘိဝံသ (ပဋ္ဌနိကာယ်)ထံ လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယင်းကျောင်းတိုက်သည် သက်ကြီးရွယ်အို စစ်မှုထမ်းဟောင်းမိသားစုများအား စရိတ်ငြိမ်း ဝိပဿနာတရားတော်များကို အားထုတ်နိုင်စေရန် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ကုသိုလ်ပါဝင်လှူဒါန်းလိုပါက ဖုန်း-၀၉-၅၁၅၁၅၁၄၊ ၀၁-၅၉၉၀၅၄၊ ၅၉၉၀၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကျေးဇူးဆပ်ပါမည်

ကျွန်မ မစိုးယုယုလင်း၏ နိုင်ငံကူးလက်မှတ် ၇၂၇၅၆၃ မှာ ခရီးသွားရင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။ **ဆက်သွယ်ရန်- ဖုန်း - ၆၅၃၅၉၅၊ Ext - ၂၀၆**

MYINT THU HTET

ကိုးထပ်ကြီးဘုရားတွင် ဝါတွင်းအဓိဋ္ဌာန်ဖွင့်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရားကြီးတွင် နဝဂုဏဗုဒ္ဓမာမကသာသနာပြုပါရမီရှင်များအသင်း၏ (၁၃၄၅-၁၃၇၀)ခုနှစ် (၂၆)ကြိမ်မြောက်ဝါတွင်းအဓိဋ္ဌာန်ဖွင့်ပွဲပဏာမနဝင်္ဂအလှူတော်ကို ဝါဆိုလပြည့်နေ့တွင် ကျင်းပမည်ဖြစ်ရာ နံနက်အရုဏ်တွင် မြတ်စွာဘုရားရှင်အားသာသနာပွဲ၊ အောင်အိုး၊ သောက်တော်ရေချမ်း၊ ဝါဆိုဖယောင်းတိုင်၊ ဝါဆိုပန်းများနှင့်အတူ ဝါဆိုသွမ်းတော်ကြီးတို့ဖြင့် ဆက်ကပ်ပူဇော်ကြမည်ဖြစ်သည်။အစီအစဉ်အရ လယ်တီမဟာသရဏဂုံတော်ကြီး ဓမ္မပူဇာဖြင့် ရွတ်ဆိုပူဇော်ကြမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဗားကရာတိုက်တွင်းရှိ သံဃာတော်အရှင်မြတ်များအား ရင်ပြင်တော်ပေါ်ရှိ သန္တိသုခဓမ္မာရုံတော်ကြီးတွင် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ကြောင်းသိရသည်။ (၁၀၃)

ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၅

ရွှေတောင်မြို့နယ် ညောင်စာရေး တိုက်နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ရန်ကုန်ရောက် တိုက်နယ်သူ တိုက်နယ်သားများ စုပေါင်း၍ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ၂၀၀၇-၂၀၀၈တက္ကသိုလ်ဝင် စာမေးပွဲအောင် အသင်းသူအသင်းသားများ၏ သားသမီးများအား ထောက်ပံ့ငွေ ချီးမြှင့်ပွဲကို ဇူလိုင် ၂၇ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ပဋ္ဌနိကာယသာသနာ့ဗိမာန် ကျောင်းတိုက် သံယုတ္တနိကာယ် ကျောင်းဆောင်၌ ကျင်းပမည် ဖြစ်သည်။

လှူဒါန်းနိုင်

အသင်းသူအသင်းသားများ၊ တိုက်နယ်သူ တိုက်နယ်သားများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်းကို ကြိုတင်ပေးပို့ကြရန်နှင့် ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို အသင်းတည်ရာ ဖုန်း-၅၆၄၃၆၀ ၊ ဥက္ကဋ္ဌ ဦးတင်ညွန့် ဖုန်း-၂၉၉၆၆၅၊ အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၅၀၈၄၄၃၊ ဘဏ္ဍာရေးမှူး ဦးဝင်းဆွေ ဖုန်း-၀၉-၅၁-၃၄၄၄၉ ၊ အမှုဆောင် ဦးဆွေလတ် ဖုန်း-၂၉၀၈၄၂၊ အမှုဆောင် ဦးလှစော ဖုန်း-၆၆၅၈၀၃ နှင့် အမှုဆောင် ဦးမြတ်စိုးနိုင် ဖုန်း-၀၉-၅၀-၄၀၆၅၆တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စစ်ကိုင်းအရှင်ခေမိန္ဒ၏ ဝါဆိုဦးအထူးတရားပွဲများ

ရန်ကုန် ဇူလိုင် ၁၅

စစ်ကိုင်း အရှင်ခေမိန္ဒ(သာသနာပြုနယ်လှည့် ဓမ္မကထိက) ခင်မကန်တိုက်ကျောင်း၏ ဦးစီး ပဓာနနာယကဆရာတော်သည် ဝါဆိုဦး အထူးတရားပွဲများအဖြစ် ဇူလိုင် ၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် ကြေးသွန်းဘုရားကြီးရှေ့ မင်္ဂလာဈေးဓမ္မာရုံ၌လည်းကောင်း၊ ဇူလိုင် ၁၇ရက်(ကြာသပတေးနေ့)နှင့် ဇူလိုင် ၁၈ရက်(သောကြာနေ့)တို့တွင် တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် အောင်ဓမ္မာရုံ၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

တမူး ဇူလိုင် ၁၅

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးနှင့် နန်းဖာလုံဈေးအတွင်းအပြင်၌ သန့်ရှင်းရေးလုပ်ငန်းနှင့် ဈေးအတွင်းရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများ စုပေါင်းဆောင်ရွက်နေမှုကို ဒုတိယဦးစီးမှူးဦးဟန်မင်းဆွေနှင့် အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သိမ်ကျောင်းရေစက်ချပွဲ၊ သိက္ခာထပ်ပွဲ၊ မွေးနေ့ပွဲနှင့်ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက် ပဓာန နာယက ဆရာတော် ဂန္ထဝါစက ပဏ္ဍိတ သဒ္ဓမ္မဇောတိက ဓဇ သာသနာပြု နယ်လှည့် ဓမ္မကထိက ဆရာတော် အရှင်အာစာရလင်္ကာရ အရှင်သူမြတ်၏ သက်တော် (၄၀)ပြည့် ဝိဇာတမင်္ဂလာ ပတ္တမြားရတု မွေးနေ့မင်္ဂလာပွဲ၊ ကျပ်သိန်းပေါင်း ၁၂၀၀တန် ကိုးဘွဲ့ရ မဟာသိမ်တော်ကြီး ရေစက်ချပွဲ၊ ကိုးဘွဲ့ရ ဆရာတော်အား စုပေါင်းသိက္ခာထပ်အလှူတော်ပွဲနှင့် ဝါဆိုသင်္ကန်း ကပ်လှူပွဲ အခမ်းအနားကို ဇူလိုင်၁၇ရက် ကြာသပတေးနေ့(ဝါဆိုလပြည့်နေ့) နံနက်စနာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ် (၄၂)ရပ်ကွက်ရှိ အဆိုပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြည်ညိုသဒ္ဓါပွားကြရန် ဖိတ်ကြားထားကြောင်းနှင့် ဝါဆိုသင်္ကန်းဒိုင်စုတစ်စုံလျှင် ကျပ် ၅၀၀၀နှုန်းဖြင့် ကျောင်းတိုက် ဖုန်း-၇၀၈၄၀၃ ၊၀၉-၂၁-၃၀၈၉၅၊ ၀၉-၅၀-၅၅၁၇၆နှင့် ၀၉-၅၀-၅၅၈၃၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အင်တာနက်နှင့် အီးမေးလ်သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Internet နှင့် e-mail သင်တန်းအမှတ်စဉ်(၈/၂၀၀၈)ကို ဩဂုတ် ၄ရက်မှစ၍ ရှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းသူ အမျိုးသမီး၃၀ဦးလက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဖုန်း-၂၅၂၅၈၉ အောင်ဆန်းအားကစားပြိုင်ကွင်း အနောက်ဘက်တန်းတွင် ရယူ၍ ဩဂုတ် ၁ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဟု သိရသည်။ (က-ပ)

ခရစ်ကက်သင်တန်းများဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၅

မြန်မာခရစ်ကက်အားကစားနည်း တိုးတက် မြင့်မားလာစေရေး ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အာရှခရစ်ကက်ကောင်စီ(ASIAN Cricket Council)နှင့် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်တို့က ပူးပေါင်း၍ ဇူလိုင် ၁၆ရက်မှ ၁၈ရက်အထိ တောင်ကြီးမြို့နှင့် ဇူလိုင် ၂၀ မှ ၂၃ ရက်အထိ ရန်ကုန်မြို့၌ ဖွင့်လှစ်ကြမည့် Level O. Cricket Coaching Course သင်တန်းတွင် နည်းပြဆရာအဖြစ် တာဝန်ယူမည့် ACC Cricket Development Officer Mr. Aminul Islam သည် ယမန်နေ့က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

စတင်ဖွင့်လှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ် အားကစားကွင်း၌ ဇူလိုင် ၁၆ရက် နံနက်ပိုင်းတွင် Level O. Cricket Coaching Course သင်တန်းကို စတင်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းသားကျောင်းသူများအပါအဝင် သင်တန်းသား ၃၀ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွေစပါးရိတ်သိမ်းပြီး မိုးစပါးစိုက်ပျိုးရန် စီမံထား စိုက်ပျိုးရေရရှိရေး ရေသွင်းရေထုတ်မြောင်းဆောင်ရွက်

မန္တလေး ဇူလိုင် ၁၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူးဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်းနှင့် ဌာနမှူးများလိုက်ပါလျက် ဇွန် ၂၅ရက် ညနေ ၄နာရီခွဲက ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအုပ်စု ကွင်းအမှတ် ၄၉၅ ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နွေစပါးစိုက်ခင်းအတွင်း ရွှေသွယ်ရင်စပါးရိတ်သိမ်းနေမှုနှင့် စပါးထွက်ရှိမှု အခြေအနေ(ဝဲပုံ)၊ မန္တလေးမြို့ပတ်လမ်းတစ်လျှောက် (ဒေါနဘွား-ကျွဲရေကုန်းအပိုင်း)လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအုပ်စု ကွင်းအမှတ် ၄၉၅ ရှိ နွေစပါးစိုက်ခင်းသို့ ရောက်ရှိလာရာ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနမှူးဦးခင်မောင်ဆွေနှင့် စိုက်ကွင်းတာဝန်ခံတို့က ရွှေသွယ်ရင်နွေစပါးရိတ်သိမ်းနေမှုနှင့် စပါးထွက်ရှိမှုနှုန်းအခြေအနေ၊ စိုက်ပျိုးရေရရှိရေးအတွက် ရေသွင်းမြောင်း၊ ရေထုတ်မြောင်း ဆောင်ရွက်ထားရှိမှုများနှင့် နွေစပါးရိတ်သိမ်းပြီး မိုးစပါးစိုက်ပျိုးရန် စီမံဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မိုးစပါးစိုက်ပျိုးရန်

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ရွှေသွယ်ရင်နွေစပါးစိုက်ခင်းအတွင်း ခေတ်မီစပါးခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုနှင့် စပါးထွက်ရှိမှုအခြေအနေ၊ စပါးရိတ်သိမ်းပြီး မနောသုခမိုးစပါးပျိုးထောင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က ရိတ်သိမ်းပြီးစပါးများ အလေအလွင့်မရှိအောင် ဆောင်ရွက်ရေးနှင့် မိုးစပါးစိုက်ပျိုးရန်အတွက် မြေယာပြင်ဆင်မှုများ ဆောင်ရွက်သွားရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနဌာနမှူးနှင့် စိုက်ကွက်တာဝန်ခံတို့ကို မှာကြားကာ စိုက်ပျိုးရေးလုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရေထုတ်ပြွန်ဆောင်ရွက်

ထို့မှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးမြို့ပတ်လမ်းတစ်လျှောက် (ဒေါနဘွား-ကျွဲရေကုန်းအပိုင်း)လမ်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် မြို့ပတ်လမ်းပေါ်ရှိ ရေထုတ်ပြွန်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လမ်းတံတားဌာန ဌာနခွဲမှူးနှင့် တာဝန်ရှိသူများအား လမ်းလုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးကြောင်း သိရသည်။ (၁၁၃)

နွေစပါးဆင်းရွှေလီစပ်မျိုး စံပြကွက် ကျောက်မဲ၌ စုပေါင်းရိတ်သိမ်း

ကျောက်မဲ ဇူလိုင် ၁၀

၂၀၀၇-၂၀၀၈ နွေစပါးဆင်းရွှေလီစပ်မျိုး စံပြကွက် စုပေါင်းရိတ်သိမ်းပွဲကို ဇူလိုင် ၂ရက်က ကျောက်မဲမြို့နယ် မိုင်းတင်းကျေးရွာအုပ်စု နားမွန်းရွာရှိ တောင်သူဦးကျော်ဦး၏ နားမွန်းကွင်း ဦးပိုင် ၂၆/၂ စိုက်ကွက်၌ ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဦးစိုင်းစန်းလွင်၊ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်သိန်းနှင့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်အားပေးကြသည်။(**ယာပုံ**)

ရှင်းလင်း

အဆိုပါ စိုက်ကွက်တွင် ဆင်းရွှေလီစပ်မျိုး ၈၀၂ ကို စိုက်ပျိုးရာ တစ်ဧက ၁၈၉၀၀၀ ကျပ် ကောက်ကွက်ဝင်ဆံ့ပြီး နည်းစနစ်များ မှန်ကန်မှု၊ ပိုးမွှားရောဂါကင်းရှင်းမှု၊ ဓာတ်မြေဩဇာများ အချိုးကျထည့်သွင်းစိုက်ပျိုးမှုတို့ကြောင့် ပျမ်းမျှပင်ပွား ၉ ဒသမ ၄၈ တစ်နှံပါ အောင်စေ့ ၁၇၀၊ ပျမ်းမျှအစို တစ်ဧက အထွက်နှုန်း ၃၈၅ ဒသမ ၇၈ တင်း၊ အခြောက်ထွက်နှုန်း ၂၈၉ ဒသမ ၃၃ တင်းထွက်ရှိ အောင်မြင်ဖြစ်ထွန်းမှုကို တောင်သူဦးကျော်ဦးက အနီးပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာမှ တောင်သူ ၁၅၀ အား ရှမ်း၊ မြန်မာနှစ်ဘာသာဖြင့် ရှင်းလင်းပြောကြားသည်။

ပျိုးထောင်ထား

ယခုနှစ် ကျောက်မဲခရိုင်၏ မိုးစပါးစိုက်ကေလျာထားချက်မှာ ၁၆၅၆၆၇ ဧကဖြစ်ပြီး စိုက်ပျိုးရေးကြီးကြပ်အဖွဲ့က မိုးစပါးအတွက် ဆင်းရွှေလီစပ်မျိုးစပါးများကို ဖြန့်ဝေပြီးဖြစ်ရာ တောင်သူများက ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ဗိုလ်ချုပ်လမ်းဘေးတွင် မြေယာရှုခင်းအလှဆောင်ရွက်နေမှုကို ဇွန် ၁၅ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဦးမြင့်ဇော်ဦး ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ပညာပေး ခြင်ဆေးဖျန်းလုပ်ငန်း ကြို့ပင်ကောက်၌ ဆောင်ရွက်

ကြို့ပင်ကောက် ဇူလိုင် ၈

ကြို့ပင်ကောက်မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရွာမမြောက်ရပ်ကွက်တွင် လှည့်လည်ကွင်းဆင်းပြီး ပညာပေးဟောပြောခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။(**အောက်ပုံ**)

အဆိုပါသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းခွင်သို့ ဇွန် ၁၉ရက်မှ ၂၇ရက်အထိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးထွန်း၊ မြို့နယ်ဆရာဝန် ဒေါက်တာဦးကျော်မြင့်နှင့် ရပ်ကွက်ဥက္ကဋ္ဌဦးလှစိုး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေး အကျိုးတော်ဆောင်အဖွဲ့ဝင်များ စုပေါင်း၍ ဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၀၈-၂၀၀၉ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် မင်းပြားမြို့ ဂန့်ဂေါ မြိုင်လမ်း ကတ္တရာခင်းခြင်း အပိုင်း(၂)ဆောင်ရွက်ရန် ကျောက်စုဆောင်းထားရှိမှုကို လက်ထောက်အင်ဂျင်နီယာ ဦးအောင်သန်းဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (က-ပ)

မိုးမောက်မြို့ ကျရီချောင်းကူးကြိုးတံတားဖွင့် ကျေးရွာပြည်သူများ လွယ်လင့်တကူသွားလာနိုင်

မိုးမောက် ဇူလိုင် ၁၂

ကချင်ပြည်နယ် မိုးမောက်မြို့ ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေး စီမံကိန်း (UNDP)နှင့် ကျေးရွာပြည်သူတို့ပူးပေါင်း၍ မိုးမောက်-နမ်ဆိုင်းကျေးရွာ၏ ကျရီချောင်းကူးကြိုးတံတားဖွင့်ပွဲကို ဇူလိုင် ၄ရက် နံနက် ၉နာရီက ကျင်းပရာ ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေးစီမံကိန်း မြို့နယ်ညှိနှိုင်းရေးမှူးဦးညွန့်ရှိန်နှင့် အလှူရှင် တစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်း

အခမ်းအနားတွင် UNDP မြို့နယ်ညှိနှိုင်းရေးမှူးဦးညွန့်ရှိန်က ယခင်နမ်ဆိုင်းကျေးရွာသူကျေးရွာသားများ မိုးမောက်မြို့သို့ လာရောက်ပါက ကျရီချောင်းကို လှေနှင့် ဖြတ်သန်းသွားလာရပြီး ယခုလူကူးကြိုးတံတားတည်ဆောက်ပြီးစီးသွားသဖြင့် ကျေးရွာပြည်သူများ လွယ်လင့်တကူ သွားလာနိုင်ပြီဖြစ်ကြောင်း၊ UNDPမှ ငွေကျပ် ၁၀၈သိန်းကျော် မတည်ခဲ့ပြီး အလှူရှင်များက ငွေကျပ်၁၅၈သိန်းကျော် စုစုပေါင်း ကုန်ကျငွေကျပ်၂၆၇၀၆၄၁၆ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ချောင်းဦး၌ဖွင့်

ချောင်းဦး ဇူလိုင် ၄

စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့နယ် ကင်မွန်းတော်ကျေးရွာအုပ်စု ကင်မွန်းတော်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဇွန် ၂၅ ရက် နံနက် ၁၀ နာရီက စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းကို ဖွင့်လှစ်ပို့ချသည်။

ပို့ချဆွေးနွေး

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖိုးချို က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအကြောင်း ဆွေးနွေးပြီး စာကြည့်တိုက်လက်ထောက်-၃ ဦးခင်ဝင်းက စာအုပ်များ စာရင်းရေးသွင်းနည်း၊ ထိန်းသိမ်းနည်းနှင့် စာအုပ်ငှားရမ်းမှုစနစ်အကြောင်းတို့ကို ပို့ချဆွေးနွေးသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ ကင်မွန်းတော်ကျေးရွာအုပ်စုအတွင်းရှိ ကင်မွန်းတော်ကျေးရွာ၊ ရှမ်းထူးကျေးရွာနှင့် အင်းမကျေးရွာသုံးရွာတို့မှ သင်တန်းသား ၃၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရမ်းဗြဲမြို့ သာယာလှပရေး ပန်းအလှပင်စိုက်ပျိုး

ရမ်းဗြဲ ဇွန် ၃၀

ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် မေ ၂၄ ရက်က အဖွဲ့ရုံးဝန်ထမ်းများ မြို့အဝင်ဆိုင်းဘုတ်၌ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ မြေယာရှုခင်းအလှပြုပြင်ခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဝင်းဆန်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (၁၇၄)

ဂုဏ်ပြု မှတ်တမ်းလွှာပေးအပ်

ဇဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်လရောင်လမ်း အမှတ် ၃၇ နေ မဖြိုးသူထက် (၁၇)နှစ်ပြည့်မွေးနေ့အဖြစ် ကြေးပြားငါးချပ် တန်ဖိုးငွေကျပ် ၁၃၀၀၀၀ ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဉာဏ(အစိုးရမွှာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြု မှတ်တမ်းလွှာချီးမြှင့်တော်မူစဉ်။ (က-ပ)

မိုးရာသီသစ်ပင်စိုက်ပွဲတော် ရွှေတောင်၌ကျင်းပ

ရွှေတောင် ဇူလိုင် ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်၏ ၂၀၀၈ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၅ရက် နံနက်၈နာရီက ကသစ်တိုင်းအုပ်စု ရွှေတောင် ဆည်လမ်းဘေး ကွင်းအမှတ် ၄၁၃ ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်က သစ်ပင် စိုက်ပွဲတော်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က လူမှုရေး အသင်းအဖွဲ့များနှင့် ရပ်ကွက်ဥက္ကဋ္ဌများသို့ ပျိုးပင်များကို ဖြန့်ဝေပေးပြီး ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်**(ယာပုံ)**နှင့် အဖွဲ့ဝင်များ၊ ပြည်ခရိုင်ဥက္ကဋ္ဌ ဦးအောင်ခင်၊ ပဲခူးတိုင်း (အနောက်ပိုင်း)သစ်တောဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုင်းမြင့်သိန်း၊ ပြည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်နှင့် ဝန်ထမ်းများ၊ တက်ရောက်လာသူအင်အား ၁၀၀၀ ကျော်တို့က ကျွန်း၊ ပိတောက်၊ ယင်းမာ တစ်အုပ်တစ်မ အပါအဝင် လမ်းဘေးဝဲယာ၌စုစုပေါင်း အပင်၃၀၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီတွင် ရတနာတန်းဝင် အရိပ်ရပင်၊ စားသုံးသီးပင်နှင့် ပန်းအလှပင် ၆၅၀၀၀တို့ကို ဆက်လက်ဖြန့်ဝေ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံချက်အရ ရေဝေရေလဲ စိုက်ခင်းနှင့် ကျေးရွာသုံး ထင်းစိုက်ခင်း ၂၇၅ ဧကတွင် အပင်ပေါင်း ၁၃၀၀၀၀ကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

လင်းခေးခရိုင်စာရင်းရုံးနှင့် မြို့နယ်စာရင်းရုံးသစ်ဖွင့်

လင်းခေး ဇူလိုင် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် စာရင်းရုံးနှင့် မြို့နယ်စာရင်း ရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂ရက် နံနက် ၇နာရီက အဆိုပါရုံး အဆောက်အအုံသစ်၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အဆိုပါ ရုံးသစ်ဖွင့်ပွဲ မစတင်မီ နံနက် ၅ နာရီက ရုံးအဆောက်အအုံသစ်၌ မြတ်စွာဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်ငါးပါးတို့အား ပင့်ဖိတ်ကာ ရှမ်းပြည်နယ်စာရင်းရုံး ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ရုံးသစ်တက်မင်္ဂလာ အရဏ်ဆွမ်း ကပ်လှူ၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစု ဆက်ကပ်လှူဒါန်းပြီး ဧည့်ပရိသတ်အပေါင်းတို့နှင့်အတူ သံဃာတော်များထံမှ အန္တရာယ်ကင်း ပရိတ်တော်နာယူ ပူဇော်ကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ နံနက် ၇နာရီတွင် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် မင်္ဂလာအခါတော်ချိန် ကျရောက်သည့်အတွက် ရုံးသစ်အဆောက်အအုံကို လင်းခေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့် ရှမ်းပြည်နယ်စာရင်းရုံး ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ကြည်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး(ဝဲပုံ) အခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက ရုံးသစ်အတွင်း လှည့်လည်ကြည့်ရှုကာ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် အဆိုပါရုံးရှေ့၌ အမှတ်တရ သစ်ပင်စိုက်ပျိုးပေးကြသည်။

ဆောက်လုပ်ပြီးစီး

ဇူလိုင်၂ရက်က ဖွင့်လှစ်သော လင်းခေးခရိုင် စာရင်းရုံးနှင့် မြို့နယ်စာရင်းရုံး အဆောက်အအုံသည် အရှည် ပေ ၄၀၊ အကျယ် ပေ ၃၀ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၃၂၀ ဖြင့် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်ထားရှိမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဇွန် ၂၀ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဦးစီးအရာရှိ ဦးကျော်သူလတ်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် မုဒုံ၌ စုပေါင်းပေးအပ်

မုဒုံ ဇူလိုင် ၉

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်များ စုပေါင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၁၁နာရီက မုဒုံအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု လီမိတက်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဟန်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးငွေသိန်းတို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး သမဝါယမအသင်းများကိုယ်စား မုဒုံအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမင်းစိန်ချွန်းက ကုန်သွယ်လုပ်ငန်းခွန် ငွေကျပ် ၁၈၁၅၀၁၃ နှင့်ဝင်ငွေခွန် ငွေကျပ် ၉၁၀၀၆ စုစုပေါင်းငွေကျပ် ၁၉၀၆၀၁၉ကို ပေးအပ်ရာ မြို့နယ် အခွန်ဦးစီးဌာန ဦးစီးမှူး ဦးထက်နေဟိဏ်းက လက်ခံယူသည်။**(အပေါ်ပုံ)** (က-ပ)

မြေယာရှင်း ပြုပြင်ဆောင်ရွက်

စလင်း ဇူလိုင် ၉

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်း ဖြစ်သည့် စလင်း-မင်းဘူး လမ်းဘေးဝဲယာ တစ်လျှောက်တွင် မြေယာရှင်း အလှပြင်ဆင်မှုကို ဇွန် ၂၇ရက်က အငယ်တန်းအင်ဂျင်နီယာ-၂ ဦးသိန်းထွန်းဦး ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲပိုလ်လု

ဖလမ်း ဇူလိုင် ၆

ချင်းပြည်နယ် ဖလမ်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၀၈ ခုနှစ် ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဇွန် ၃၀ရက် မွန်းလွဲ ၁ နာရီက ဖလမ်းမြို့ ဟရန်ထီးယိုးကွင်း၌ ကျင်းပရာ ပလက်တီနမ်အသင်းက လုံးဗာရ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုပေးပွဲကို ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကောလ်လျန်ထန်းက ပထမဆုရ အသင်းအားလည်းကောင်း၊ ခရိုင်အားကစားနှင့် ကာယပညာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအာယ်ပဲန်လောမ်က ဒုတိယဆုရအသင်းအားလည်းကောင်း ဆုများပေးအပ် ချီးမြှင့်ကြသည်။ ပြိုင်ပွဲတွင် အသင်းခြောက်သင်း ပါဝင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဆက်ကပ်လှူဒါန်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ မြို့မဈေးပတ်လည် ရေမြောင်းအတွင်းရှိ အမှိုက်နှင့်အညစ်အကြေးများကို ဈေးသူ၊ ဈေးသားများက ရေစီးရေလာ ကောင်းမွန်စေရန်အတွက် သန့်ရှင်းရေး ဆောင်ရွက်နေမှုကို ဇူလိုင် ၂ ရက်က မြို့တာဝန်ခံ ဦးစီးအရာရှိ ဦးသောင်းထွန်းဇော်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပျိုးပွဲ ဖားကန့်၌ကျင်းပ

ဖားကန့် ဇူလိုင် ၆

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် အေးမြသာယာရပ်ကွက်၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၂ရက် နံနက် ၈နာရီခွဲက သိရောမဏိကုမ္ပဏီလုပ်ကွက်ဟောင်း ၁ဒသမ၃ဧကရှိ မြေကွက်လပ်၌ စိုက်ပျိုးကြသည်။ **(ဝဲပုံ)**

သစ်ပင်စိုက်ပျိုးပွဲတွင် ဖားကန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မွေးမွေး ဦးဆောင်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်၊ကျေးရွာများရှိအဖွဲ့ခွဲများမှ အဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိ ရပ်ဖများ စုစုပေါင်းအင်အား ၂၅၀ ကျော် တက်ရောက်၍ ကြက်ဆူပင် ၃၀၀၀နှင့် ရော်ဘာပင် ၂၀၀ တို့ကို စိုက်ပျိုးခဲ့ကြသည်။ (ဝ၀၄)

16-7 (16).pmd 1 7/17/2008, 2:40 AM

အသက်ဇီဝိတဒါနလှူဒါန်းမှု မော်ကျွန်း၌ အလှူငွေပေးအပ်

မော်လမြိုင်ကျွန်း ဇူလိုင် ၁၃

ကျွဲ၊ နွားများ၏အသက်ကို ဇီဝိတဒါနလှူဒါန်းမှု ပဋ္ဌမအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက် ညနေ ၄ နာရီက မော်လမြိုင်ကျွန်းမြို့ မဟာဝတ္တုကံကျောင်းတိုက်၌ ကျင်းပသည်။

လက်ခံ

ယင်းလှူဒါန်းပွဲတွင် မဟာဝတ္တုကံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပရမ၏ ဒါယကာ၊ ဒါယိကာမများဖြစ်သော ကောလင်း၊ မြိုင်နှင့် မုဒုံမြို့နယ်များမှ အလှူရှင်လေးဦးတို့၏ အလှူငွေကျပ်တစ်သိန်းခုနစ်သောင်းကို ဆရာတော်၏ ရှေ့မှောက်တွင် ကျောင်းအကျိုးတော်ဆောင်ဦးသူရက ပေးအပ်လှူဒါန်းရာ မြို့နယ်ဇီဝိတဒါနအဖွဲ့ကိုယ်စားဦးသောင်းညွှန့်(ရွှေမြန်မာလယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး)က လက်ခံယူသည်။**(ဝဲပုံ)** (၁၄၂)

ရန်ကင်း ပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် အင်းစိန်-နံ့သာကုန်း မင်္ဂလာလမ်း ဗိုလ်မှူးမြင့်လွင်(ငြိမ်း)အား ရည်စူး၍ ဒေါ်တင်မြမိသားစုက ငွေကျပ်သုံးသိန်းလှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် သီတဂူကြာတစ်ပွင့် အရှင်သူမြတ်က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (၁၁၇)

အထပ်မြင့် အဆောက်အအုံများတွင် မီးလောင်မှု ဖြစ်ပွားက ခေတ်မီလှေကားတင်မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်နည်းနှင့် အရေးပေါ်လူနာများ အသက်ကယ်တင်နည်းများ သရုပ်ပြ

မန္တလေး ဇူလိုင် ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန အထက်မြန်မာပြည်ကွပ်ကဲရေးမှူးရုံးမှ ကြီးကြပ်၍ အထပ်မြင့်အဆောက်အအုံများတွင် မီးလောင်မှုဖြစ်ပွားပါက လှေကားတင်မီးသတ်ယာဉ်အသုံးပြု၍ မီးငြိမ်းသတ်ခြင်းနှင့် အသက်ကယ်တင်ခြင်း သရုပ်ပြသပွဲကို ဇူလိုင် ၆ရက်က ၂၉လမ်း မန္တလေးတိုင်းမီးသတ်ဦးစီးဌာနမှူးရုံးရှေ့တွင် ကျင်းပရာ အထက်မြန်မာပြည်ကွပ်ကဲရေးမှူး ညွှန်ကြားရေးမှူး ဦးမင်းဆွေတက်ရောက်၍ ကြည့်ရှုအားပေးပြီး လိုအပ်သည်များမှာကြားသည်။

လက်တွေ့သရုပ်ပြ

အဆိုပါခေတ်မီလှေကားတင် မီးသတ်ယာဉ်ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနည်း သရုပ်ပြသပွဲသို့ ချမ်းအေးသာစံမြို့နယ် ဦးစီးအရာရှိ ဦးထွန်းထွန်းစိုး၊ မီးသတ်စခန်းမှူး ဦးယဉ်ကျော့နှင့် မန္တလေးငါးမြို့နယ်မှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များတက်ရောက်ကြပြီး ပြည်ကြီးတံခွန်မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး၊ မန္တလေးမီးသတ်စခန်းမှ တပ်ကြပ်ကြီးမြင့်အောင်တို့က အထပ်မြင့်အဆောက်အအုံများတွင် မီးလောင်မှုဖြစ်ပွားပါက ခေတ်မီလှေကားတင်မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်နည်းနှင့် အထပ်မြင့်အဆောက်အအုံများမှ အရေးပေါ်လူနာများအား အသက်ကယ်တင်နည်းများ လက်တွေ့သရုပ်ပြ ပို့ချခဲ့ကြောင်း သိရသည်။**(ယာပုံ)**

(လူမှုဝန်ထမ်း)



ကော့မှူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ မော်တော်ယာဉ်လိုင်း(အမြန်ယာဉ်ငယ်) ဖွင့်

ကော့မှူး ဇူလိုင် ၁၀

ရန်ကုန်တိုင်း (စည်ပင်ပြင်ပ)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ မော်တော်ယာဉ်လိုင်း(အမြန်ယာဉ်ငယ်)ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၅ရက် နံနက်၉နာရီက ကော့မှူးမြို့ ချမ်းမြေ့သာယာပန်းခြံ၌ ကျင်းပရာ ရန်ကုန်တိုင်း(စည်ပင်ပြင်ပ)စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကော့မှူးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

မော်တော်ယာဉ်လိုင်းကို ရန်ကုန်တိုင်း(စည်ပင်ပြင်ပ)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်နှင့် ကော့မှူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယရဲမှူးစိုးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ကော့မှူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ မော်တော်ယာဉ်လိုင်းအနေဖြင့် ကော့မှူး-ဒလခရီးစဉ်များကို ဇူလိုင် ၅ရက်မှစ၍ ပြေးဆွဲပေးလျက်ရှိကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ စာစီစာကုံးပြိုင်ပွဲနှင့် ဝတ်စားဆင်ယင်မှု ပြိုင်ပွဲဆုရသူများ သံတွဲ၌ ဆုချီးမြှင့်

သံတွဲ ဇူလိုင် ၁၂

သံတွဲခရိုင်နှင့် မြို့နယ်တွင်မြန်မာအမျိုးသမီးများနေ့ အခမ်းအနားနှင့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြပွဲကို ဇူလိုင် ၃ရက် နံနက် ၉နာရီက အထက(၁) ဒွာရာရွှေပြည်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးဒေါ်လှဲ့လှဲ့မင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး အမျိုးသမီးရေးရာ အဖွဲ့ဝင်များက အင်အားသစ်များနှင့်အတူ တေးသီချင်းကို စုပေါင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယှဉ်ပြိုင်

ထို့နောက် မြို့နယ်ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်ဒေါ်ခင်နှင်းစိုးက မြန်မာ့ရိုးရာဝတ်စားဆင်ယဉ်မှုပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့ ၁၁ခုတို့မှ ပြိုင်ပွဲဝင်အမျိုးသမီး ၁၁ဦးတို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

ချီးမြှင့်

ဆက်လက်၍ ၂၀၀၇-၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သည့် ခြောက်ဘာသာဂုဏ်ထူးရှင် မမေနွယ်သွေး၊ ငါးဘာသာဂုဏ်ထူးရှင် မထွန်းပွင့်ဖြူနှင့် မငုဝါခိုင်တို့အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ရီရီဝင်းနှင့် အဖွဲ့ဝင်များက ဆုများ ချီးမြှင့်ပေးကြသည်။

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ပြိုင်ပွဲဆုရသူတို့အား အမျိုးသမီးရေးရာအဖွဲ့ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့် ဆုများချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲဆုရသူများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပေါက်ခေါင်းမြို့ပေါ်ရပ်ကွက်များအတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးအောင်ကြီးတို့ ဦးဆောင်လျက် သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ ဇွန် ၂၈ရက်က ဖုံး၊ သွန်၊ လဲ၊ စစ် ပညာပေးဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

သီပေါမြို့၌ အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်

သီပေါ ဇူလိုင် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် အခြေခံ စာကြည့်တိုက် ပညာသင်တန်းဖွင့်ပွဲကို ဇွန် ၂၃ရက် နံနက် ၁၀နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က အဖွင့်အမှာစကား ပြောကြားပြီး ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်က အခြေခံစာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ သီပေါမြို့နယ်ဦးစီးမှူးဦးစိုးသာလှိုင်က စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

လက်တွေ့ပြသ

ထို့နောက် ကျောက်မဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်က စာကြည့်တိုက်တွင်ထားရှိရမည့် စာရင်းဇယားရေးသွင်းနည်းများ၊ စာအုပ်များကို မျိုးတူစုခွဲခြားနည်းများနှင့် သုတရသစာအုပ်များ ပညာရပ်အလိုက် ခွဲခြားနည်းများကို လက်တွေ့ပြသပေးသည်။ (ဝ၂ဝ)

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော လမ်းတံတားနှင့် မြို့သာယာလှပရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးသိမ်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စိမ့်စမ်းရေသွယ်ရေး လုပ်ငန်းဆောင်ရွက်

မြစ်ကြီးနား ဇူလိုင် ၁၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးသိန်းမြင့်နှင့် ရေ၊ မီး၊ ပန်းဥယျာဉ်တာဝန်ခံအငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်မျိုးသက်တို့သည် ဇွန် ၁၈ ရက်က တန်ဖဲကျေးရွာသို့ သွားရောက်၍ တန်ဖဲကျေးရွာစိမ့်စမ်းရေသွယ် ရေပေးရေးလုပ်ငန်းဆောင်ရွက်ထားရှိသော ရေကန်သုံးကန်၊ ရေပိုက်များနှင့် ရေတိုင်များ ကောင်းမွန်မှုရှိမရှိစစ်ဆေး၍ မွမ်းမံ ပြင်ဆင်ရန်လိုအပ်မှုများကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်မျိုးသက်နှင့် ကျွမ်းကျင်ဝန်ထမ်းများက ပြန်လည်ပြုပြင်မွမ်းမံ ပြင်ဆင်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

အထူးကုဆရာဝန်ကြီးများအဖွဲ့ လေဘေးသင့်ဒေသများသို့ ကွင်းဆင်းကုသ

ရန်ကုန် ဇူလိုင် ၁၅

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဘာသာရပ်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများ ဦးဆောင်သောအဖွဲ့များသည် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းရှိ လေဘေးသင့်ဒေသအသီးသီးသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစာအိမ်နှင့် အူလမ်းကြောင်းရောဂါပညာဌာနမှ ပါမောက္ခ ဦးသိန်းစောနှင့် အသည်းရောဂါပညာဌာနမှ ပါမောက္ခဦးသံစစ်တို့ဦးဆောင်သော အဖွဲ့ဝင် ခုနစ်ဦးပါဝင်သော အထူးဆေးကုသရေးအဖွဲ့သည် ဇူလိုင် ၁၁ ရက်မှ ၁၂ ရက်အထိ လပွတ္တာမြို့နယ်နှင့် မြောင်းမြမြို့နယ်များသို့ သွားရောက်ပြီး လေဘေးသင့်ဒေသရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

သတင်းကို အမှန်အတိုင်းပြောမယ်၊ ရေးသားတင်ပြမယ် ဆိုရင် ကုသိုလ်တစ်ခုပါပဲ။ အဲဒီသတင်းကို အမှန်အချက်အလက် မဖြစ်စလောက်၊ ဒါမှမဟုတ် အမှန်တစ်ဝက်၊ ဒါမှမဟုတ် အမှန်တစ်ချက် တစ်လေမှမပါဘဲ မုသားဖုံးအုပ်ပြီး လိုရာပုံသွင်း၊ မှိုင်းတိုက်မယ်ဆိုရင်တော့ အကုသိုလ်တစ်ရပ်၊ ဒုစရိုက်တစ်ရပ် ဖြစ်သွားပါတယ်။ ဒါကြောင့် သတင်းကို အလွဲသုံးစား မလုပ်သင့်ကြပါဘူး။

တက္ကသိုလ်မြတ်သူ၏ ဆောင်းပါး စာ- ၆ တွင်ဖတ်ရှုနိုင်ပါသည်။